MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# သတင်းလွှာ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ | အတွဲ - ၄၊ အမှတ် - ၂ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။



# လူတိုင်းအတွက် မျက်စိကျန်းမာရေးဆီသို့

Clear Eyesight for Happy Life!

## MPRL E&P ၏ မန်းရေနံမြေဒေသခံများအတွက် မျက်စိကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ် ဒုတိယအကြိမ်ဆက်လက်ဆောင်ရွက်

အမြင်အာရုံကောင်းမွန်ခြင်းသည် အရာဝတ္ထုများကို ကြည်လင်ပြတ်သားစွာ မြင်ခွင့်ရခြင်းဆိုရုံမျှမကဘဲ လူသားတိုင်းအတွက် ကျန်းမာရေးနှင့် ချမ်းသာသုခအားလုံး၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ယင်းအချက်ကို အလေးထားအသိအမှတ်ပြုကာ MPRL E&P သည် CSR အစီအစဉ်၏ ပဏာမခြေလှမ်းအဖြစ် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို မန်းရေနံမြေတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ဤဆောင်းပါးသည် မျက်စိကျန်းမာရေးနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသန္တရပစ္စုပ္ပန်အခြေအနေတို့ကို စေ့ငု၍ ပိုမိုကျယ်ပြန့်သော ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များနှင့် လိုက်လျောညီထွေစွာဖြင့် မန်းရေနံမြေဒေသခံများအတွက် MPRL E&P ၏ ကြိုးပမ်းအားထုတ်မှုများကို တင်ပြထားပါသည်။ သို့ဖြစ်၍ MPRL E&P သည် မန်းရေနံမြေတွင် မျက်စိကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းမှသည် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အဖြစ် အကောင်အထည်ဖော်ခြင်းအထိ အဓိပ္ပာယ်ပြည့်ဝသော အကျိုးသက်ရောက်မှုများကို ဒေသခံများရရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

### ကမ္ဘာ့နိုင်ငံများနှင့် မျက်စိကျန်းမာရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO) ၏ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း (၂.၂) ဘီလီယံခန့်သည် အနီးမှုန်ခြင်းနှင့် အဝေးမှုန်ခြင်းကဲ့သို့ အမြင်အာရုံဆိုင်ရာပြဿနာများကို ခံစားနေကြရသည်။ ယင်းတို့အနက် (၉၀) ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး အမြင်အာရုံချို့ယွင်းမှု၏ (၈၀) ရာခိုင်နှုန်းသည် တားဆီးကာကွယ် (သို့မဟုတ်) ကုသနိုင်သည်ဟုဆိုသည်။



ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားသူ စုစုပေါင်း (၈၅) ရာခိုင်နှုန်းမှ (၉၅) ရာခိုင်နှုန်းသည် ဆီးချိုသွေးချိုရောဂါအမျိုးအစား-၂ (Type-2 Diabetes Mellites) ဝေဒနာရှင်များဖြစ်ပြီး ဆီးချိုသွေးချိုရှိသူသည် ရောဂါမရှိသူထက် မျက်စိအမြင်ဆုံးရှုံးနိုင်ခြေ (၂၅) ဆပိုများနိုင်သည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် ဆီးချို၊ သွေးချိုရောဂါသည် အမြင်ကွယ်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုလည်း ဖြစ်သည်။

### မြန်မာနိုင်ငံနှင့် မျက်စိကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများအနက် ယခင်က အဓိကမျက်စိပြဿနာတစ်ခုဖြစ်ခဲ့သည့် မျက်ခမ်းစပ်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာမှ

စာမျက်နှာ - ၄ ➤



# မန်းရေနံမြေရှိ လူထုအခြေပြုဗဟိုဌာနများတွင် အွန်လိုင်းအင်္ဂလိပ်စာ သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချလျက်ရှိ

MPRL E&P ၏ CSR အစီအစဉ်သည် မန်းရေနံမြေဒေသရှိ Grade-2 မှ Grade-4 ကျောင်းသားကျောင်းသူများကို ဒစ်ဂျစ်တယ်သင်ယူမှုတွင် ဆန်းသစ်သောနည်းလမ်းများဖြင့် ရင်းနှီးထိတွေ့စေမည့် mangoSTEEMS Universe (MSU) သင်ကြားရေးပလပ်ဖောင်းကို အသုံးပြု၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် အေးမြကျေးရွာလူထုအခြေပြုဗဟိုဌာန၌ အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို စတင်ခဲ့ရာ သင်တန်းအပတ်စဉ် (၁) ၏ ကျောင်းသား (၁၁) ဦးသည် ၂၀၂၄ ခုနှစ်၊ မတ်လတွင် အရည်အချင်းစစ်စာမေးပွဲဖြေဆို အောင်မြင်၍ သင်တန်းဆင်းလက်မှတ်များ ရရှိခဲ့သည်။ အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်သည် မန်းရေနံမြေဒေသခံ ကလေးငယ်များကို ဒစ်ဂျစ်တယ်ပညာရေး၏ ခေတ်မီဆန်းသစ်မှုများနှင့်ထိတွေ့မှုရစေပြီး ငယ်ရွယ်စဉ်တွင် အင်္ဂလိပ်စာလေ့လာရန်နှင့် အင်္ဂလိပ်စာလေ့လာရ



သည်ကို နှစ်သက်စေရန်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် MSU ပလပ်ဖောင်းကိုအသုံးပြု၍ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောနှင့် နားထောင်မှုစွမ်းရည်များနှင့် ဝေါဟာရကြွယ်ဝမှုများကို စနစ်တကျမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို နန်းဦးကျေးရွာလူထုအခြေပြုဗဟိုဌာနတွင်ပါ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ လက်ရှိတွင် သင်တန်းသား (၁၁) ဦး သင်ယူလျက်ရှိသည်။ နွေရာသီကျောင်းပိတ်ကာလများတွင် သင်တန်းများခေတ္တရပ်နားခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ဒုတိယမြောက်သုံးလပတ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် စစ်ဆေးခဲ့ရာ ကလေးများ၏ စာမေးပွဲဖြေဆိုမှုရလဒ်များကို စက်တင်ဘာလတွင် မိဘ-ဆရာ အစည်းဝေးပြုလုပ်ဆွေးနွေးခဲ့သည်။

"အခုတော့ အင်တာနက်လိုင်းစွဲအား အခက်အခဲရှိနေပြီး အွန်လိုင်းအင်္ဂလိပ်စာသင်ကြားရေးဝက်ဆိုဒ်ထဲကို ဝင်ဖို့ အခက်အခဲရှိပါတယ်။ သင်တန်းသားတွေအတွက် လုပ်ထားပေးတဲ့ စာလေ့လာရေး အွန်လိုင်းဝက်ဆိုဒ်ဆိုရင် VPN ခံထားမှ ဝင်လို့ရတဲ့အခြေအနေတွေကြောင့် သင်ကြားရေးအပိုင်းမှာ အခက်အခဲတချို့ရှိပါတယ်။ မန်းရေနံမြေဒေသခံ ကလေးတွေဟာ အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှု အစီ





အစဉ်ကနေတစ်ဆင့် ကွန်ပြူတာတွေနဲ့ ထိတွေ့ခွင့်ရပြီး အင်္ဂလိပ်စာကို အခုလိုမျိုးသင်ယူခွင့်ရတဲ့အတွက် သူတို့ ဘဝ တိုးတက်ရေးအတွက် များစွာအထောက် အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီသင်ကြားရေးအစီအစဉ် အောင်အောင်မြင်မြင်နဲ့ ဆက်သွားနိုင်ဖို့အတွက် ကျေးရွာတွေ၊ မိဘတွေရဲ့ ပူးပေါင်းပါဝင်မှုရှိဖို့ လိုအပ်သလို သင်ကြားရေးနည်းပြတွေရဲ့ စွမ်းရည်လည်း မြှင့်တင်ဖို့လိုအပ်ပါတယ်။ MPRL E&P ရဲ့ CSR အစီအစဉ်အနေနဲ့ကတော့ ဒီသင်ကြားရေးအစီအစဉ်အတွက် လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေကို ဆက်လက်ပံ့ပိုးသွားမှာပါ" ဟု CSR လုပ်ငန်း အဖွဲ့ဝင် ဦးစောအယ်စာဘလုထူးက ဆိုသည်။

MPRL E&P (CSR အစီအစဉ်) ဖြင့် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို နန်းဦးလူထုအခြေပြုဗဟိုဌာနအပြင် အေးမြနှင့် မန်းကျိုးကျေးရွာ လူထုအခြေပြုဗဟိုဌာနများတွင်ပါ ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ရာတွင် mangoSTEEMS သင်ကြားရေးပလပ်ဖောင်း၏ သင်တန်းလိုအပ်ချက်ဖြစ်သည့် အခြေခံကွန်ပြူတာနှင့် အခြေခံအင်္ဂလိပ်စာသဒ္ဒါကို ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ အဆိုပါကျေးရွာလူထုအခြေပြုဗဟိုဌာနများ၌ တစ်လခွဲခန့် သင်ကြားပို့ချပေးခဲ့ရာ သင်တန်းသား စုစုပေါင်း (၄၅) ဦး တက်ရောက်သင်ယူခဲ့သည်။ အဆိုပါသင်တန်းသားများအား သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုစေခဲ့ရာ လူထုအခြေပြုဗဟိုဌာနတစ်ခုစီမှ အမှတ်အများဆုံး သင်တန်းသား (၁၅) ဦးစီကိုရွေးချယ်၍ အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ်ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်အနေဖြင့် အွန်လိုင်းအင်္ဂလိပ်စာ သင်ကြားမှုအစီအစဉ်အပြင် သင်တန်းဖွင့်လှစ်နိုင်ရန် ရှိနှင့်ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်အဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ မျက်နှာကြက်များတပ်ဆင်ခြင်း၊ ပရိဘောဂများနှင့် စာအုပ်များပံ့ပိုးခြင်းဖြင့် လူထုအခြေပြုဗဟိုဌာနများအဖြစ်အဆင့်မြှင့်တင်ခြင်း၊ ဒေသခံအမျိုးသမီးများကို သင်ကြားရေးအထောက်အကူပြုနည်းပြများအဖြစ် ခန့်အပ်ခြင်း၊ နည်းပြများ၏ အရည်အသွေးပြည့်မီရေး ကြိုတင်ပြင်ဆင်ခြင်း၊ အွန်လိုင်းအင်္ဂလိပ်စာသင်ကြားမှုအစီအစဉ် လိုင်စင်ဆော့ဖ်ဝဲ ပံ့ပိုးခြင်း၊ သင်တန်းအတွက် ကွန်ပြူတာများ ပံ့ပိုးခြင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ရေသန့်စက်များ ထားရှိပေးခြင်း၊ လျှပ်စစ်ခတ်အားသုံးစွဲခများကို ကျခံပေးခြင်း၊ သင်တန်းသားများနှင့် ဆရာများအတွက် တူညီအင်္ကျီများပံ့ပိုးခြင်းနှင့် စာရေးကိရိယာပစ္စည်းများ ပံ့ပိုးခြင်းတို့ကိုပါ တစ်ပါတည်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် အဆိုပါသင်တန်းများ၌ ဒေသခံကျောင်းသားကျောင်းသူ စုစုပေါင်း (၄၁) ဦး တက်ရောက် ပညာသင်ယူလျက်ရှိသည်။ ■

တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း – ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် – ၀၁ ၂၃၀ ၇၇၄၄
အီးမေးလ် – mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် – www.mprlexp.com

# ရေသန့်စက်များ၊ လက်ဆေးစင်များနှင့် မီးသတ်ဆေးဘူးများကြံ့ခိုင်မှုအခြေအနေပုံမှန်စစ်ဆေး၊ ရေနမူနာစစ်ဆေးမှုရလဒ်များ အကြောင်းပြန်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မန်းရေနံမြေထိစပ်ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးတပ်ဆင်ခဲ့သည့် ရေသန့်စက်များ၏ ကြံ့ခိုင်မှုနှင့် သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းသည့်အခြေအနေများကို မန်းရေနံမြေ ရှိ CSR လုပ်ငန်းအဖွဲ့ဝင်များက လေ့လာဆန်းစစ်ခဲ့သည်။ ယင်းသို့လေ့လာဆန်းစစ်ရာတွင် နှစ်စဉ်ပုံမှန်ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်အနေဖြင့် အခြေခံပညာကျောင်း (၉) ကျောင်းမှ မူလရေနှင့် ရေသန့်စက်ဖြင့်သန့်စင်ပြီး ရေနမူနာများကို ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးခဲ့သည်။





ယင်းသို့စစ်ဆေးရာတွင် ကိုလီဖောင်း ဘက်တီးရီးယားပါဝင်မှုနှင့်စပ်လျဉ်းသည့် ရေအရည်အသွေး စစ်ဆေးမှုအတွက် ကျပ် ၄၇၂,၅၀၀/ (ကျပ်လေးသိန်းခုနစ်သောင်းနှစ်ထောင့်ငါးရာ) အကုန်အကျခံစစ်ဆေးခဲ့သည်။ စစ်ဆေးမှုအရ ကျောင်း (၇) ကျောင်းရှိ ရေသန့်စက်မှရရှိသည့် သောက်သုံးရေများသည် သောက်သုံးနိုင်သည့် ရေချိုရေသန့်အဆင့်တွင်ရှိပြီး ဘေးကင်းကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် သက်ဆိုင်ရာအခြေခံပညာကျောင်းများရှိ တာဝန်ရှိသူများထံ စစ်ဆေးမှုရလဒ်များကို သွားရောက်ရှင်းလင်းပြသအကြောင်းပြန်ကြားခဲ့ပြီး ဖြစ်သည်။ မူလရေအရည်အသွေးလိုအပ်ချက်ရှိသည့် အခြေခံပညာကျောင်း (၂) ကျောင်းအတွက် ကောင်းမွန်သည့် ရေအရင်းအမြစ်ဖြစ်စေရန်



လိုအပ်သည်များကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်။

အလားတူ အခြေခံပညာကျောင်း (၁၁) ကျောင်းတွင် ပံ့ပိုးတပ်ဆင်ထားပြီးဖြစ်သည့် လက်ဆေးစင်များ၏ ကြံ့ခိုင်မှုအခြေအနေနှင့် လက်ဆေးခြင်းအလေ့အထများကိုပါ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း လေ့လာဆန်းစစ်ခဲ့သည်။ ထို့ပြင် ယမန်နှစ်က CSR အစီအစဉ်ဖြင့် ပံ့ပိုးခဲ့ပြီးဖြစ်သည့် မီးသတ်ဆေးဘူးများ၏အခြေအနေနှင့် အာမခံပေးထားသည့်ရက်များ ကျော်လွန်ပါက အသစ်လဲလှယ်ပံ့ပိုးနိုင်ရန် ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် ဒေသခံစေတနာ့ဝန်ထမ်းများပူးပေါင်း၍ လေ့လာစစ်ဆေးခဲ့သည်။ ■







## မန်းတောင်သူများအတွက် ခရမ်းချဉ်မျိုးစေ့ထုပ်နှင့် မြေငွေ့ထိန်းပလတ်စတစ်လိပ်များ မျိုးစေ့ဘဏ်စနစ်ဖြင့် ဖြန့်ချီ

MPRL E&P (CSR အစီအစဉ်) ဖြင့် ကြီးကြပ်လျက်ရှိသည့် ကျေးရွာအလိုက် မျိုးစေ့ဘဏ်ကော်မတီများဖွဲ့စည်းထားရှိရာ အဆိုပါ ကော်မတီများက သက်ဆိုင်ရာကျေးရွာအလိုက် စိုက်ပျိုးတောင်သူများလိုအပ်သည့် မျိုးစေ့နှင့် သွင်းအားစု လိုအပ်ချက်များကို ကြိုတင်ထုတ်ချေးခြင်း၊ ပြန်လည်သိမ်းယူခြင်း လုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စီမံခန့်ခွဲလျက်ရှိသည်။ စိုက်ပျိုးရာသီသစ်တွင် မန်းကျိုး၊ ကျွဲချ၊ လက်ပံတော၊ ချင်တောင်ကျေးရွာနေ တောင်သူ (၁၃) ဦးထံ ခရမ်းချဉ်မျိုးစေ့ထုပ် (၇၁) ထုပ်နှင့် မြေငွေ့ထိန်းပလတ်စတစ်လိပ် စုစုပေါင်း (၅၃) လိပ်ကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ပံ့ပိုးခဲ့သည်။ ■







မျက်နှာဖုံးမှ အဆက်➤



ကင်းဝေးကြောင်း (Trachoma Elimination in Myanmar) ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ကြေညာနိုင်ခဲ့သည်။ လက်ရှိကာလတွင် အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါတို့သည် အမြင်အာရုံကွယ်ပျောက်နိုင်သည့် အဓိကအကြောင်းရင်းများဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် မျက်စိကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး အစည်းအဝေးတွင် ဆွေးနွေးတင်ပြထားသည်။ သို့ဖြစ်၍ အတွင်းတိမ်ရောဂါနှင့်အတူ ဆီးချို၊ သွေးတိုး စသောရောဂါများ၏ နောက်ဆက်တွဲ မျက်စိရောဂါများ ဦးမေ့မလာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ရန်လည်း အဆိုပါအစည်းအဝေးတွင် တိုက်တွန်းထားသည်ကို တွေ့ရသည်။

**မြန်မာ့ကျန်းမာရေးမျှော်မှန်းချက်-၂၀၃၀ နှင့် မျက်စိကျန်းမာရေး**

"မြန်မာ့ကျန်းမာရေးမျှော်မှန်းချက်-၂၀၃၀" (Myanmar Health Vision 2030) တွင် မျက်စိကျန်းမာရေးသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်မှပါဝင်ပြီး "ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးပြည့်ဝပြီး လူတိုင်းလက်လှမ်းမီရေး" ဟူသည့် ရည်မှန်းချက်နှင့်အညီ MPRL E&P သည် ၂၀၁၈ ခုနှစ်မှစတင်၍ မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တစ်ခုကို ရွေ့လျားဆေးပေးခန်းများ ဖွင့်လှစ်ပံ့ပိုးခြင်းဖြင့် စတင်ခဲ့သည်။ ထို့ ပြင် ရှောင်လွှဲ၍ရနိုင်သော မျက်မမြင်ခြင်းနှင့် အမြင်အာရုံချို့တဲ့ခြင်းမှ လူတိုင်းကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျေးရွာများအထိ ကွင်းဆင်း၍ မျက်စိစစ်ဆေးခြင်း၊ စမ်းသပ်ခြင်း၊ ကုသပေးခြင်းနှင့် ပညာပေးဟောပြောခြင်းများကဲ့သို့ ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု (Primary Eye Care) ကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရန် ဟူသည့် ကျန်းမာရေးဝန်ကြီးဌာန၏ မျက်စိကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်နှင့် မန်းရေနံမြေဒေသခံများ၏ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ကို ပြည့်မီစေရန် MPRL E&P သည် မျက်စိစမ်းသပ်စစ်ဆေးခြင်း၊ ကုသခြင်းနှင့် အသိပညာပေးခြင်းတို့ကို မျက်စိကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်းပံ့ပိုးကူညီမှုဖြင့် ၂၀၂၃ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ တိုးချဲ့ပံ့ပိုးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

**"အမြင်ကြည်လင် ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်**

MPRL E&P (CSR အစီအစဉ်) သည် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိတို့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ တပါတည်းရရှိခံစားနိုင်စေရန် ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မန်းရေနံမြေဒေသခံများအနက် အဓိကဦးတည်အုပ်စုဖြစ်သည့် ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် အသက် (၆၀) နှစ်အထက် ဒေသခံများအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို စတင်ပံ့ပိုးနိုင်ခဲ့သည်။ အဆိုပါအစီအစဉ်အတွက် မင်းဘူးဆေးရုံရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ရာ မန်းရေနံမြေရှိ အခြေခံပညာကျောင်း (၁၁) ကျောင်းများမှ ဆရာ၊ ဆရာမ(၇၄)ဦးနှင့် ကျောင်းသားကျောင်းသူ (၁,၈၄၇) ဦး အပါအဝင် စုစုပေါင်း (၁,၉၂၁) ဦးကို ကနဦး အထွေထွေမျက်စိစမ်းသပ်စစ်ဆေးမှုများ ပံ့ပိုးနိုင်ခဲ့သည်။ ယင်းနောက် အသက် (၆၀) နှစ်အထက် ဒေသခံသက်ကြီး မျက်စိဝေဒနာရှင် (၂၁၀) ဦးကို အထွေထွေမျက်စိစမ်းသပ်စစ်ဆေးခြင်း၊ (၁၃၄) ဦးကို မင်းဘူးဆေးရုံကြီးတွင် အသေးစိတ် ထပ်မံစမ်းသပ်စစ်ဆေးခြင်းနှင့် မျက်မှန်လိုအပ်သူ (၂၀) ဦးအတွက် မျက်မှန်များပံ့ပိုးခြင်း၊ မျက်စင်းခပ်ရန် လိုအပ်သူ (၁၀) ဦးအတွက် မျက်စင်းဆေးများ ပံ့ပိုးခြင်း၊ အတွင်းတိမ်ခွဲစိတ်ကုသရန် လိုအပ်သူ (၁၀၀) ဦးအတွက် ခွဲစိတ်ကုသပေးခြင်းတို့ကို ပံ့ပိုးနိုင်ခဲ့သည်။ ယင်းလုပ်ငန်းများအားလုံးအတွက် ကျသင့်သည့် စုစုပေါင်း ကျပ် ၂၀,၈၇၉,၂၀၀/ (ကျပ်နှစ်ရာ့ရှစ်သိန်းခုနစ်သောင်းကိုးထောင့်နှစ်ရာ)ကို MPRL E&P ၏ CSR အစီအစဉ်ဖြင့် အလုံးစုံကျခံသုံးစွဲ၍ အခမဲ့ပံ့ပိုးခဲ့ခြင်းဖြစ်သည်။

**ပိုမိုကျယ်ပြန့်စွာလွှမ်းခြုံလာသည့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်**

MPRL E&P (CSR အစီအစဉ်) အနေဖြင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးရာတွင် မန်းရေနံမြေဒေသခံပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံမှုရှိစေရန် ရည်ရွယ်ချက်ရှိသည်နှင့်အညီ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် CSR လုပ်ငန်းအစီအစဉ်များတွင်ပါ ဒေသခံဦးတည်အုပ်စု အမျိုးအစားအလိုက် ထပ်မံတိုးချဲ့ပံ့ပိုးနိုင်ရေးကို ထည့်သွင်းလျာထားခဲ့ပြီး ယင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ဇွန်လမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ကနဦးအနေဖြင့် မင်းဘူးဆေးရုံရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်နှင့် အကြိုတွေ့ဆုံဆွေးနွေးမှုများကို CSR လုပ်ငန်းအဖွဲ့ဝင်များဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက်






ပံ့ပိုးနိုင်မည့် ဒေသခံများအနက် ဦးတည်အုပ်စု ထပ်မံရွေးချယ်ထုတ်နုတ်နိုင်ရေး စာရင်းပြုစုခြင်း၊ ယခင် ကုသမှုခံယူခဲ့သည့် လူနာများ၏ ကုသမှုခံယူပြီးအခြေအနေများကို လေ့လာဆန်းစစ်ခြင်း၊ ဦးတည်အုပ်စုဝင် အသက် (၅၀) နှစ်အထက်ဒေသခံများအတွက် အထွေထွေမျက်စိစမ်းသပ်စစ်ဆေးနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း စီစဉ်ဆောင်ရွက်ခဲ့သည်။

"အမြင်ကြည်လင် ပြုံးပျော်ရွှင်" မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ ဒုတိယကြိမ်ပံ့ပိုးမှုတွင် မန်းရေနံမြေဒေသခံများအတွက် ဆီးချိုနှင့်မျက်စိကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် အသက် (၅၀) နှင့်အထက်ဒေသခံများအတွက် အထွေထွေမျက်စိစမ်းသပ်စစ်ဆေးခြင်းကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် အောက်ကျောင်းဘုရားဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။ ရှေးဦးစွာ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်က ဆီးချိုနှင့်မျက်စိကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး အဆိုပါဟောပြောပွဲသို့ မန်းရေနံမြေဒေသခံ (၃၁၄) ဦး တက်ရောက်ခဲ့သည်။ မန်းရေနံမြေဒေသခံများ ဟောပြောပွဲသို့ လွယ်ကူအဆင်ပြေစွာတက်ရောက်နိုင်ရန် အကြိုအပို့ဝန်ဆောင်မှုနှင့် နံနက်စာများကို CSR လုပ်ငန်းအဖွဲ့ဝင်များက ကြိုတင်ပြင်ဆင်ဧည့်ခံခဲ့သည်။ ယင်းနောက် CSR လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ









စေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အသက် (၅၀) နှစ်အထက် ဒေသခံ (၂၆၆) ဦးအတွက် အထွေထွေမျက်စိစမ်းသပ်စစ်ဆေးမှုများကို အခမဲ့ပံ့ပိုးခဲ့သည်။

မင်းဘူးပြည်သူ့ဆေးရုံရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ လက်ထောက်ကျန်းမာရေးမှူးတစ်ဦးဖြစ်သူ ဆရာမဒေါ်မြင့်မြင့်မော်က "မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာကဒေသခံတွေအတွက် မျက်စိစမ်းသပ်စစ်ဆေးမှုကို မျက်စိအထူးကုဆရာဝန်ကြီးနဲ့အတူ လက်ထောက်ကျန်းမာရေးမှူး (၄) ဦး၊ ကွင်းဆင်းဝန်ထမ်း (၃) ဦးနဲ့ ဆေးထည့်ဝန်ထမ်း (၂) ဦး အပါအဝင် စုစုပေါင်း (၁၀) ဦးနဲ့ ပူးပေါင်းပါဝင် စစ်ဆေးပေးခဲ့ပါတယ်။ အတွင်းတိမ်လူနာတွေက အသက်အရွယ်ကြောင့် အဖြစ်များပါတယ်။ တချို့လည်း မွေးရာပါအတွင်းတိမ်ပါလာတဲ့ ကလေးတွေနဲ့ မျက်စိဒဏ်ရာကြောင့် ဖြစ်တတ်တာလည်းရှိပါတယ်။ အသက်အရွယ်ကြောင့် အမြင်အာရုံတဖြည်းဖြည်းကျလာချိန်မှာ အလင်းရောင်မြင်နေရသေးရင် ခွဲစိတ်ကုသနိုင်သေးတယ်။ အလင်းကို လုံးဝမမြင်ရတော့ဘူးဆိုရင်တော့ ခွဲစိတ်လို့မရနိုင်တော့တဲ့အတွက် အမြင်အာရုံဆုံးရှုံးသွားနိုင်ပါတယ်။ ကျေးလက်ဒေသခံတွေအနေနဲ့က တချို့လည်း စီးပွားရေးအရ မတတ်နိုင်လို့ မခွဲစိတ်ချင်တာ၊ ကျန်းမာရေးအသိအားနည်းလို့ မခွဲစိတ်ချင်တာ အမျိုးမျိုးရှိပါတယ်။ ကျွန်မတို့တွေက ခွဲစိတ်တာကိုမကြောက်အောင် အရင်အသိပညာပေးရတာ၊ အခုလို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ရချိန်မှာ တစ်ခါတည်းခွဲစိတ်ခွင့်ရသွားအောင် ပံ့ပိုးပေးရတာမျိုး ရှိပါတယ်။ MPRL E&P (CSR အစီအစဉ်) နဲ့ မန်းရေနံမြေက ဒေသခံတွေအတွက် မျက်စိစစ်ဆေးပေးတာကျတော့ ကုမ္ပဏီ (CSR အစီအစဉ်) က ဝန်ထမ်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ စေတနာ့ဝန်ထမ်းတွေရဲ့ စုစည်းပေါင်းစပ်စီစဉ်ပေးထားပြီးသားအခြေအနေမှာ ကျွန်မတို့ကျန်းမာရေးဝန်ထမ်းတွေက မျက်စိစောင့်ရှောက်မှုသီးသန့်ပေးရတာမျိုးမို့ လွှမ်းခြုံမှုအားကောင်းပြီး ဒေသခံတွေထဲက အတွင်းတိမ်နဲ့ မျက်စိဝေဒနာရှင်တွေကို တော်တော်လေးစစ်ထုတ်နိုင်ခဲ့ပါတယ်။ ဒေသခံတွေအတွက် အမှန်တကယ်လိုအပ်နေတဲ့ ကျန်းမာရေးပြဿနာတစ်ရပ်ကို ထိထိရောက်ရောက်ဖြေရှင်းပေးရတာလည်းဖြစ်တာမို့ ကုမ္ပဏီရဲ့ CSR အစီအစဉ်နဲ့ ပူးပေါင်းပါဝင်ရတာလည်း အားရကျေနပ်မိပါတယ်" ဟု ဆိုသည်။

အလားတူ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မီးသတ်ဌာနတွင် နှစ်ပေါင်း (၃၆) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခုအစီအစဉ်ဖြင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုရရှိခဲ့သည့် မန်းရေနံမြေရှိ မယ်ဘော့ကုန်းကျေးရွာဒေသခံ





အသက် (၇၂) နှစ်အရွယ် ဦးဝင်းရှိန်က "ကျွန်တော်က မျက်စိတစ်ဖက်ကို ၂၀၂၀ တုန်းက ခွဲထားခဲ့ပါတယ်။ အခုကျန်တဲ့တစ်ဖက်ကပါ သိပ်မမြင်ရလို့ MPRL E&P ကုမ္ပဏီ (CSR အစီအစဉ်) ရဲ့ ဩဂုတ်လ (၁၄) ရက်နေ့က အောက်ကျောင်းဘုရားကြီးမှာလုပ်တဲ့ မျက်စိစစ်ဆေးတဲ့အစီအစဉ်ကနေ မျက်စိစမ်းသပ်ပေးတော့ သွားပြလိုက်ပါတယ်။ ကျန်းမာရေးမှူးဆရာမတွေရဲ့အကြံပြုချက်အရ အခုအတွင်းတိမ်ရင့်လာပြီး သိပ်မမြင်ရတော့တဲ့ မျက်စိတစ်ဖက်ကိုလည်း ထပ်ပြီးခွဲဖို့လိုလိမ့်မယ်လို့ ပြောပါတယ်။ မျက်စိဆိုတာလူတိုင်းအတွက် အရေးကြီးဆုံးမို့လို့ ခွဲစိတ်ကုသဖို့လည်းလိုအပ်သလို အခမဲ့လည်းပံ့ပိုးပေးမယ်ဆိုတော့ ကျွန်တော်အတော်ဝမ်းသာပါတယ်။ ပင်စင်စားကျွန်တော်တို့အတွက်ပါ ကုမ္ပဏီရဲ့ လက်ရှိဆောင်ရွက်နေတဲ့ CSR အစီအစဉ်ကနေ တာဝန်ယူစောင့်ရှောက်ပေးတာကိုလည်း ကျေးဇူးအထူးတင်ပါတယ်" ဟု မှတ်ချက်ပြုသည်။

ထို့ပြင် ဦးဝင်းရှိန်က "ကျွန်တော်ပင်စင်ယူပြီးနောက်ပိုင်းကိုယ့်ရပ်ကိုယ့်ရွာအတွက် လူမှုရေးလုပ်ငန်းလေးတွေမှာ တတ်နိုင်တဲ့အပိုင်းကနေ ပါဝင်ကူညီရတာမို့ ဝမ်းသာနေတာပါ။ ကျွန်တော်က မယ်ဘော့ကုန်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်အနေနဲ့လည်း ကုမ္ပဏီရဲ့ CSR အစီအစဉ်နဲ့ ကိုယ့်ရွာအတွက်လိုအပ်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်လုပ်ကိုင်ခဲ့တာ လေးငါးခြောက်နှစ် ရှိနေပါပြီ။ အခုဆို ကျွန်တော်တို့ရွာက ဒီတစ်ခေါက်ကျွန်တော်နဲ့အတူ မျက်စိကုသမှုခံယူရမယ့်သူတွေ အယောက်အစိတ်လောက်ရှိပါတယ်။ သူတို့ကိုယ်တိုင်လည်း တကယ်ခံစားနေရတဲ့ မျက်စိဝေဒနာကို ထိထိရောက်ရောက်ကုသခွင့်ရမှာမို့ အတော်လေးကို ဝမ်းသာနေကြတာပါ။ ကျွန်တော်တို့အတွက် ဒီလို အစစခက်ခဲကြတဲ့ကာလမှာ အခမဲ့ကုသခွင့်ရတာက ဘာနဲ့မှမတူအောင် စိတ်ကြည်နူးရပါတယ်။ မိသားစုတွေအတွက် လူမှုရေးသောကတချို့လည်း လျော့ကျသွားစေတာမို့ ကုမ္ပဏီကိုလည်း အထူးကျေးဇူးတင်ပါတယ်လို့ မယ်ဘော့ကုန်းနဲ့ မန်းရေနံမြေဒေသခံတွေကိုယ်စား ကျွန်တော်ပြောချင်ပါတယ်" ဟု ကျေးဇူးတင်စကားဆိုသည်။

## လူတိုင်းအတွက် မျက်စိကျန်းမာရေးဆီသို့

လက်ရှိတွင်ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားမျက်စိကျန်းမာရေးစီမံကိန်း (၂၀၂၅-၂၀၃၀) ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ မျက်မမြင်ကာကွယ်ရေး မဟာဗျူဟာဖြစ်သည့် "လူတိုင်းအတွက် မျက်စိကျန်းမာရေးဆီသို့" (Towards Universal Eye Health) ရည်မှန်းချက်နှင့်အညီရေးဆွဲရာတွင် အမြင်အာရုံချို့တဲ့မှု လျော့နည်းကျဆင်းစေရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလက်လှမ်းမီစွာရရှိရေး၊ အရည်အသွေးပြည့်ဝသည့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုများဖြစ်စေရန် သက်ဆိုင်ရာနှီးနွှယ် ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုကိုလည်း ဖိတ်ခေါ်ထားသည်။ သို့ဖြစ်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသည့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုများသည် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ အမျိုးသားမျက်စိကျန်းမာရေးစီမံကိန်း၏ ရည်မှန်းချက်များအောင်မြင်စေရန် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိရုံသာမက မန်းရေနံမြေဒေသခံများ၏ လက်တွေ့ရင်ဆိုင်ရသည့် ကျန်းမာရေးပြဿနာတစ်ရပ်ကို တာဝန်သိကုမ္ပဏီတစ်ခု (Responsible Business) အနေဖြင့် ထိရောက်စွာပါဝင်ဖြေရှင်းဆောင်ရွက်ခြင်းလည်းဖြစ်သည်။

မျက်စိကျန်းမာရေးသည် အမြင်အာရုံကောင်းမွန်မှု တစ်ခုတည်းအတွက်သာမကဘဲ လူသားတိုင်း၏ အနာဂတ်အပေါ်တွင်လည်းကြီးမားသည့် သက်ရောက်မှုရှိသည့် ကျန်းမာရေးကဏ္ဍတစ်ခုဖြစ်သည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals-SDGs) (၁၇) ခုတွင် မျက်စိကျန်းမာရေးနှင့်ဆက်စပ်ဖော်ဆောင်ရသော ရည်မှန်းချက်များ အများဆုံးပါဝင်နေပြီး အဆိုပါရည်မှန်းချက်များ ပြည့်မီစွာအကောင်အထည်ဖော်ရန်အတွက် မျက်စိကျန်းမာရေးသည် အခြေခံကျသည့် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ရှုမြင်နိုင်ပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂ၏ United Nations Global Compact (UNGC) ၏ တက်ကြွသည့် အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် MPRL E&P အနေဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးအတွက် **"အမြင်ကြည်လင် ပြုံးပျော်ရွှင်"** မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသခံများနှင့်လက်တွဲပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ■



# မန်းရေနံမြေဒေသခံတောင်သူတစ်ဦး၏ မျိုးစေ့ဘဏ်စနစ်အပေါ် သုံးသပ်မှုနှင့် ဒေသဖွံ့ဖြိုးရေး မျှော်လင့်ချက်





မန်းရေနံမြေဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေးသွင်းအားစုများအနက် အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ဈေးနှုန်းမှန်ကန်စွာ အလုံအလောက်ရရှိနိုင်စေရန်၊ မျိုးစေ့များကို စနစ်တကျသိမ်းဆည်းတတ်စေရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ မျိုးစေ့ဘဏ်စနစ်တစ်ခုကို MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်တွင် မန်းရေနံမြေဒေသခံ စိုက်ပျိုးတောင်သူများအတွက် မျိုးစေ့ဘဏ်စနစ် လည်ပတ်ဆောင်ရွက်မှု သက်တမ်း (၅) နှစ်နီးပါး ရှိလာချိန်တွင် မျိုးစေ့ဘဏ်စနစ်၏ လည်ပတ်ဆောင်ရွက်ပုံနှင့် ယင်းစနစ်၏ အားသာချက်၊ အားနည်းချက်များ၊ အကြံပြုချက်များကိုလေ့လာ၍ တိုးတက်ဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများ သတ်မှတ်ဖော်ထုတ်နိုင်ရန် မန်းကျိုးကျေးရွာဒေသခံစိုက်ပျိုးတောင်သူတစ်ဦးဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးလည်းဖြစ်သည့် ဦးထွန်းလှအောင် (ခ) ဦးငွေးနှင့် မေးမြန်းဆွေးနွေးမှုများကို ဖော်ပြအပ်ပါသည်။

**ပထမဆုံးအနေနဲ့ စိုက်ပျိုးတောင်သူတစ်ဦးဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးလည်းဖြစ်တဲ့ ဦးအနေနဲ့ အရင်ဆုံးမိတ်ဆက်ပေးပါဦး။**

ကျွန်တော်က ဦးထွန်းလှအောင်ပါ။ အရပ်ထဲမှာတော့ ဦးငွေးလို့လည်း သိကြပါတယ်။ ကျွန်တော်က မန်းရေနံမြေထဲက ကျေးရွာတွေထဲကတစ်ရွာဖြစ်တဲ့ မန်းကျိုးဇာတိပါ။ မန်းကျိုးက အိမ်ခြေ (၄၂၅) အိမ်နဲ့ လူဦးရေ (၁,၅၀၀) လောက်ရှိပါတယ်။ ရွာထဲက သုံးပုံပုံနှစ်ပုံလောက်က စိုက်ပျိုးရေးလုပ်ပါတယ်။ တချို့ကျတော့လည်း ဝန်ထမ်း၊ ဈေးရောင်းနဲ့ ကျပန်းအလုပ်အကိုင်အစုံပေါ့။ မန်းကျိုးက ဒီမန်းရေနံမြေထဲက ရွာတွေမှာ အိမ်ခြေရော လူဦးရေပါများတဲ့ အကြီးဆုံးရွာပါ။ ကျွန်တော့်မိသားစုက (၄) ယောက်ရှိပါတယ်။ အမျိုးသမီးနဲ့ သမီးနှစ်ယောက်ပေါ့။ စိုက်ပျိုးတာကတော့ ကျွန်တော့် ကိုင်းနဲ့ယာ (၁၅) ဧကလောက်မှာ နေကြာ၊ ခရမ်းချဉ်၊ ငရုတ်၊ ကုလားပဲသီးနှံတွေ စိုက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆို MPRL E&P ရဲ့ နေကြာမျိုးစေ့ ထုတ်လုပ်တာနဲ့ပတ်သက်ပြီး ကျွန်တော့် ယာ (၁၀) ဧကမှာ စမ်းသပ်စိုက်ကွက်နဲ့ စိုက်ပျိုးခဲ့ဖူးပါတယ်။ MPRL E&P (CSR အစီအစဉ်) နဲ့က ကျွန်တော်တို့ကျေးရွာတွေမှာ လက်တွဲလုပ်နေတာကတော့ ကျွန်တော်ကျေးရွာအုပ်ချုပ်ရေးမှူးစလုပ်ခဲ့တဲ့ ၂၀၁၆၊ ၂၀၁၇ လောက်ကတည်းကပါ။

**ဟုတ်ကဲ့ပါ။ ဦးငွေးတို့ ရပ်ရွာမှာ စိုက်ပျိုးတောင်သူတွေရင်ဆိုင်ရတဲ့ အခက်အခဲတွေက ဘာတွေများဖြစ်မလဲ။**

အခက်အခဲကတော့ လုပ်သားရှားလာတယ်။ တောင်သူ့သားသမီးကကို တောင်သူမလုပ်ချင်ကြတော့ဘူး။ မလုပ်ချင်ဆို ကျွန်တော်တို့ဒေသက မြေအောက်ရေက ရေပူရေငံတွေထွက်တော့ ပတ်ပတ်လည် မြစ်ချောင်းနဲ့နီးတဲ့အကွက်တွေကတော့ မြစ်ရေသွင်းစိုက်တာမျိုးလုပ်လို့ရတာပေါ့။ နောက်တစ်ချက်ကလည်း မိုးဆိုရင် မြစ်ရေကြီးတာပေါ့။ ကျွန်တော်တို့မန်းကျိုးက အရှေ့ဘက်က ရောဝတီ၊ တောင်ဘက်ကနေ အနောက်ဘက်ထိ ဝိုက်စီးနေတာက မန်းချောင်း၊ မြောက်ဘက်က ရေပူရိုးရှိတော့ ရေဝိုင်းထားသလိုဖြစ်နေတယ်။ မင်းဘူးမြို့ စိုးရိမ်ရေမှတ်က ပေ (၁,၇၀၀) ဆို ကျွန်တော့် ကိုင်းတွေရှိတဲ့နေရာကနိမ့်တော့ ပေ (၁,၅၀၀) အထိရေရောက်ပြီဆိုရင် မြုပ်ပြီ။ မြစ်ရေကြီးချိန် မိုးတွင်းဆို စိုက်မရဘူး။ နွေဆိုလည်း ရေမရှိတော့ စိုက်မရဘူး။ ဆောင်းလေးတစ်ချက်ပဲ စိုက်ရပျိုးရတယ်။ တစ်နှစ်တစ်သီးပဲ စားရတာမျိုးဆိုတော့ လခစားလိုပုံမှန် ဝင်ငွေရချင်ကြတော့ မြို့တက်၊ နိုင်ငံခြားထွက်အလုပ်လုပ်ကြတာ။ အခုရွာတွေမှာက စိုက်ပျိုးရေးလုပ်သားရှားလာတာ။ နောက်တစ်ခုက သွင်းအားစုတွေ ဈေးကြီးတာပေါ့။ သွင်းအားစုဈေးကြီးတော့ စိုက်ပျိုးစရိတ်ကကြီးလာတယ်။ ကိုယ့်သီးနှံပေါ်ချိန် ဈေးကောင်းမရတာမျိုး ထပ်ကြုံရတာမျိုးလည်းရှိပါတယ်။ မျိုးစေ့ဆိုလည်း မျိုးကောင်းမျိုးသန့် အလွယ်တကူရအောင် ကျွန်တော်တို့ဒေသထဲက အဖွဲ့အစည်းတွေနဲ့ပေါင်းပြီး စီစဉ်ထားရတဲ့အနေအထားပါ။

စိုက်ပျိုးရေးကို အဓိကလုပ်တဲ့ ကျွန်တော်တို့တောင်သူတွေအနေနဲ့က စိုက်ပျိုးရေးသွင်းအားစုထဲက အဓိကကျတဲ့ မျိုးစေ့ဆိုပါတော့။ မျိုးစေ့ဆိုတာ ကျွန်တော်တို့နဲ့စိမ်းတဲ့အရာမဟုတ်ပါဘူး။ ဘာစိုက်စိုက် မျိုးစေ့ကလိုနေမှာပဲ။ ဒီမှာကျွန်တော်ပြောချင်တာက မျိုးစေ့ဘယ်ကရမလဲ၊ မျိုးကောင်းမျိုးသန့်ဖြစ်ဖို့ ဘာတွေလုပ်ဖို့လိုလဲ၊ အလွယ်တကူရဖို့၊ တက်ဈေးမမိဖို့၊ ကိုယ်တွေလိုသလောက်ရဖို့ ဒါမျိုးလေးတွေရှိပါတယ်။ ကျွန်တော်တို့လည်း အရင်က လက်လှမ်းမီသလောက်လေ့လာပြီး ချိတ်ဆက်မှာကြ၊ ဝယ်ကြတာမျိုးတွေတော့ရှိပါတယ်။ ဒါပေမယ့် ပြဿနာက အေးမသွားဘူး။ နှစ်တိုင်း စိုက်ခါနီးရင် မျိုးစေ့ရဖို့ဆိုတဲ့ ပြဿနာကအရင်ဆုံး ပြန်ပြန်တွေ့ရတာပါပဲ။ ဒီနေရာမှာ မျိုးစေ့ဘဏ်စနစ်ကို ၂၀၁၈ လောက်ကတည်းကစပြီး မိတ်ဆက်ပေးလာတဲ့ MPRL E&P (CSR အစီအစဉ်) ကို ကျွန်တော် ထည့်ပြောချင်ပါတယ်။ ကျွန်တော်တို့အခက်အခဲကိုသိပြီး ဖြေရှင်းဆောင်ရွက်ပေးချင်တဲ့ စေတနာကိုလည်း ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။

**မျိုးစေ့ဘဏ်စနစ်မှာ ဦးငွေးပါဝင်လုပ်ကိုင်ရတဲ့ အတွေ့အကြုံတွေကိုလည်း အားလုံးသိရအောင် မျှဝေပေးပါဦး။**

မျိုးစေ့ဘဏ်စနစ်ဆိုတာ ဘဏ်တွေလိုပါပဲ။ ဘဏ်ကငွေထုတ်သလိုပဲ မျိုးစေ့ဘဏ်ကမျိုးစေ့တွေ ထုတ်ပေးတယ်။ သီးနှံပေါ်ချိန်ကျတော့ မျိုးစေ့အရင်းရော၊ အတိုးပါပြန်ပြီး ဆပ်ရတယ်ပေါ့။ ဒါမှလည်း ဘဏ်မှာစထည့်ခဲ့တဲ့မျိုးစေ့တွေပြန်ရလာမယ်။ နောက်ထပ်ဝင်လာတဲ့ မျိုးစေ့အတိုးကလည်း နောက်ထပ် မျိုးစေ့လိုအပ်တဲ့တောင်သူတွေကို ဘဏ်ကဆက်ပြီး ထုတ်ချေးနိုင်မယ်ပေါ့။ ဒါကအလွယ်သဘောပေါက်အောင်ပါ။ အဓိကအနေနဲ့ မျိုးကောင်းမျိုးသန့်ဖြစ်တဲ့မျိုးစေ့တွေကို CSR အစီအစဉ်ကနေ အရင်ဆုံး ကျွန်တော်တို့ မျိုးစေ့ဘဏ်ကော်မတီတွေကို မတည်စိုက်ထုတ်ပြီး ပံ့ပိုးပေးပါတယ်။ ဒီထဲမှာ မျိုးစေ့တင်မကဘဲ တခြားစိုက်ပျိုးရေးသွင်းအားစုတွေလည်း ပါပါတယ်။ ဥပမာ ခရမ်းချဉ်စိုက်ဖို့ဆို ခရမ်းချဉ်မျိုးစေ့ထုပ်တွေတင်မကဘူး။ သွင်းအားစုတွေဖြစ်တဲ့ မြေငွေ့ထိန်းပလတ်စတစ်လိပ်တွေလိုမျိုး ပံ့ပိုးတာမျိုးပါ။ ပြီးရင်တော့ မျိုးစေ့ဘဏ်ကော်မတီက



ဒီလိုမျိုးစေ့နဲ့သွင်းအားစု အထုတ်အသွင်း၊ အပေးအယူကိစ္စလေးတွေ မှန်ကန်ပြီး စနစ်တကျဖြစ်အောင် စောင့်ကြပ်ကြည့်ရှုပေးရတာပေါ့။ ဥပမာ ပလတ်စတစ်လိပ်ကို တောင်သူကလိုချင်တယ်ဆိုရင် ကျွန်တော်တို့ဆီက တစ်လိပ်ချေးပြီးရင် ပြန်ဆပ်တဲ့အခါ ပလတ်စတစ်တစ်လိပ်နဲ့ ငွေ ၅,၀၀၀/ အတိုးနဲ့ပေါ့။ ခရမ်းချဉ်မျိုးစေ့တစ်ထုပ်ချေးရင် ပြန်ဆပ်တဲ့အခါ မျိုးစေ့တစ်ထုပ်နဲ့ ငွေ ၂,၀၀၀/ ပေါ့။ ဒီငွေက ကော်မတီကယူတာ မဟုတ်ပါဘူး။ ဒီအတိုးငွေတွေကို ကျွန်တော်တို့က မျိုးစေ့တွေ၊ ပလတ်စတစ်လိပ်တွေ ထပ်ပြီးဝယ်ဖြည့်ရပါတယ်။ ဒါမှ ကျွန်တော်တို့ တောင်သူများများကို မျိုးစေ့နဲ့သွင်းအားစုတွေ ထပ်ပြီးထုတ်ချေးနိုင်မယ်။ ဒီသဘောပါ။ နောက်ပြီး ကုလားပဲမျိုးစေ့ဆိုရင်တော့ ကုလားပဲတစ်တင်းချေးရင် ပြန်ဆပ်တဲ့အခါ အရင်းတစ်တင်းနဲ့ အတိုးတစ်စိတ်ပေါ့။ ဒီလိုလေးတွေ လုပ်ထားတာပါ။ အဓိက ကတော့ မျိုးစေ့တွေထုတ်ချေးတယ်၊ စနစ်တကျပြန်ဆပ်နိုင်အောင်နဲ့ ထိန်းသိမ်းပြီးပြန်ဖြန့်ဝေနိုင်အောင် လုပ်ရတာပါ။ ဒီမှာ ကျွန်တော်တို့ချည်းသပ်သပ်တော့ မဟုတ်ဘူးပေါ့။ MPRL E&P (CSR အစီအစဉ်) က အဓိကကြီးကြပ်ပြီး မင်းဘူးက စိုက်ပျိုးရေးဦးစီးဌာနတို့၊ ရေတံခွန်စိုက်ပျိုးရေးဝန်ဆောင်မှုအဖွဲ့တို့လို အဖွဲ့အစည်းတွေနဲ့ တွဲလုပ်ရတာလေးတွေရှိပါတယ်။ ဘာလို့ဆို နည်းပညာနဲ့ စိုက်ပျိုးရေးအသိပညာတွေကို ဌာနဆိုင်ရာနဲ့ ဒေသတွင်းက အဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းပံ့ပိုးကြတဲ့သဘောပါ။ ဒါလည်းလုပ်ငန်းလိုအပ်ချက်အရ CSR အစီအစဉ်ကနေပဲ ချိတ်ဆက်ပြီး ပံ့ပိုးပေးကြတာပေါ့။ ဒီလိုပံ့ပိုးတာတွေကြောင့်လည်း စိုက်ပျိုးရေးနဲ့နှီးနွှယ်တဲ့ ငါးအမိုင်နဲ့ရွက်ဖြန်းအားဆေးတို့ သဘာဝပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်းတွေကို ကျွန်တော်တို့ရွာတွေထဲတင် အလွတ်တကူ တက်နိုင်၊ ကိုယ်တိုင်ထုတ်နိုင်လာခဲ့တာပေါ့။



**ဒါဆိုရင် မျိုးစေ့ဘဏ်စနစ်နဲ့ ဦးဌေးတို့ကျေးရွာမျိုးစေ့ဘဏ်ကော်မတီကနေ မျိုးစေ့တွေ အခုဆိုရင် တော်တော်လေးဖြန့်ဝေနိုင်ခဲ့မှာပေါ့။ ဒီစနစ်လည်ပတ်ရတဲ့အခါမှာ ရော အားသာချက်၊ အားနည်းချက်တွေက ဘာတွေများရှိသေးလဲ။**

ကျွန်တော်တို့ ကျေးရွာကော်မတီတွေကနေဖြန့်တဲ့ မျိုးစေ့က ဒေသထဲမှာ အစိုက်အများဆုံး သီးနှံမျိုးတွေပေါ့။ ကုလားပဲဆိုရင် ကျွန်တော်တို့ ဒီစနစ် စလည်ပတ်တဲ့ ၂၀၁၈-၂၀၁၉ လောက်က ရွာ (၄) ရွာက တောင်သူ (၈) ဦးလောက်ကို မျိုးစေ့ (၂၁) တင်းလောက်နဲ့ စပြီးဖြန့်ပေးခဲ့တာပေါ့။ တစ်နှစ်တစ်နှစ် မျိုးစေ့ထုတ်ချေးလိုက်၊ ပြန်အပ်လိုက်နဲ့ ၂၀၂၂-၂၀၂၃ ကျတော့ ကျွန်တော်တို့ ရွာ (၇) ရွာက တောင်သူ (၁၁၉) ဦးကို ကုလားပဲမျိုး (၂၃၉) တင်းကျော် ပြန်ဖြန့်ဝေပေးနိုင်တဲ့အထိ ကျယ်ပြန့်လာခဲ့တယ်။ အားသာချက်ကတော့ မျိုးစေ့ရှားတဲ့ပြဿနာကို အထိုက်အလျောက်ဖြေရှင်းနိုင်ခဲ့တယ်။ ကိုယ့်ရပ်ကိုယ့်ရွာထဲမှာပဲ ဒီလိုစနစ်လေးနဲ့ စနစ်တကျလည်ပတ်နိုင်တော့ အဆင်ပြေတာပေါ့။ နောက်တစ်ခါ မျိုးစေ့ဘဏ်ကနေ မျိုးစေ့ကို အလွတ်အရင်ထုတ်ချေးပေးတာဆိုတော့ တခြားစိုက်ပျိုးစရိတ်စကတွေအတွက်ပဲ တောင်သူက ဝန်ရှိတော့တယ်။ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို တစ်ဘက်တစ်လမ်းက အထောက်အကူပြုနေတာပေါ့။ အားနည်းချက်ကတော့ ကျွန်တော်တို့အားလုံး အခုရင်ဆိုင်နေရတဲ့ ကုန်ဈေးနှုန်းတက်တဲ့ကိစ္စပါပဲ။ အရင်က ထုတ်ချေးလိုက်တဲ့ ပလတ်စတစ်တစ်လိပ်ရဲ့တန်ဖိုးက ၅၀,၀၀၀/ ဆိုရင် ပြန်ဆပ်တဲ့အချိန်ဝယ်ရင် အလွန်ဆုံးတက်လှ ၁၀,၀၀၀/ ပါပဲ။ ဒီနှစ်တော့ စိုက်ပျိုးရာသီအစကဝယ်လိုက်တဲ့ ၆၀,၀၀၀/ တန်တစ်လိပ်က ပြန်ဆပ်ရမယ့်အချိန်မှာ ဝယ်တဲ့အခါ ဈေးကတစ်သိန်းကျော်အောင်အထိ တက်နေတော့ နှစ်ဆနီးပါးဖြစ်သွားပါတယ်။ မျိုးစေ့ဘဏ်အနေနဲ့ကလည်း ပြန်ရတော့ အရင်းတစ်လိပ်နဲ့ အတိုးငွေ ၅,၀၀၀/ ပဲပြန်ရတာပါ။ ဒီအတိုးကို စုပြီးမှနောက်ထပ် ပလတ်စတစ်ထပ်ထည့်ရတာပါ။ အရင်နှစ်က အလိပ် (၅၀) မျိုးစေ့ဘဏ်မှာရှိရင် နှစ်ကုန်ရင်ရတဲ့အတိုးနဲ့ (၂) လိပ်ထပ်ပြီး ဝယ်ဖြည့်တော့ (၅၂) လိပ်ဖြစ်လာတယ်ပေါ့။ ဒါဆိုရင် ဒီသွင်းအားစုလိုတဲ့ တောင်သူနောက်တစ်ဦးကို ကျွန်တော်တို့ထပ်ပြီးချေးနိုင်မယ်။ ဒါပေမယ့် တောင်သူတွေဘက်ကကျတော့လည်း သူတို့မှာ တခြားအထွေထွေကုန်ဈေးနှုန်းတွေကလည်း တက်လာတယ်။ မဖြစ်မနေ ပြန်ဆပ်ရမယ့် ဒီသွင်းအားစုဈေးတွေကလည်း နှစ်ဆလိုဖြစ်လာတော့ ဒီနှစ်မှာ ကျွန်တော်တို့ ဒါကိုတော်တော်ရင်ဆိုင်ရပါတယ်။

**ဒီမျိုးစေ့ဘဏ်ကနေ မျိုးစေ့နဲ့သွင်းအားစုထုတ်ချေးဖို့လုပ်တော့ တောင်သူတွေကိုရော ဘယ်လိုစိစစ်ပြီး ထုတ်ပေးတယ်ဆိုတာလည်း ပြောပြပါဦး။**

ကျွန်တော်တို့ တောင်သူတွေဆိုတာ သီးနှံပေါ်ချိန် သိန်းနှစ်ဆယ်၊ သုံးဆယ်ဆိုတာ ရနေကြတော့ မျိုးစေ့အတွက် ပြန်ဆပ်ရတဲ့ တစ်သိန်းလောက်၊ ကိုးသောင်းလောက်က ပြဿနာမဟုတ်ပါဘူး။ ဆပ်လည်းဆပ်နိုင်ကြပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ဆိုလည်း မန်းကျိုးဇာတိမို့ ကိုယ့်ရွာထဲက ဘယ်သူက ဘာစိုက်တယ်ဆိုတာလည်း သိနေကြတာမို့ အခက်အခဲမရှိပါဘူး။ မျိုးစေ့လိုလို့ တောင်းရင်ပေးတယ်။ ပြန်လည်းဆပ်ကြပါတယ်။ ကုလားပဲဆိုလည်း တကယ်စိုက်တဲ့သူ ဟုတ်မဟုတ်ဆိုတာ ကျွန်တော်တို့အချင်းချင်းတွေက သိနေတော့ တကယ်စိုက်မယ့်သူကို ထုတ်ချေးပေးတယ်။ သူတို့လည်း ပြန်ဆပ်ကြတယ်ပေါ့။ ကျွန်တော်တို့မန်းကျိုးက မျိုးစေ့ဘဏ်ကော်မတီအနေနဲ့ လုပ်လာတာလည်း ကြာပြီ။ ကောင်းကောင်းလည်း လည်ပတ်နေနိုင်ကြတော့ တချို့အိမ်ခြေ၊ လူဦးရေနည်းတဲ့ရွာတွေက ကော်မတီနဲ့ သေချာမလည်ပတ်နိုင်မျိုးလေးတွေရှိရင် ကျွန်တော်တို့ မန်းကျိုးကော်မတီကနေ မျိုးစေ့တောင်းခံတာလေးတွေ ရှိပါတယ်။ တောင်းတဲ့အချိန် ကျွန်တော်တို့လည်း မျှနိုင်တယ်ဆို မျှပေးလိုက်တာပါပဲ။ ဒါပေမယ့် ကိုယ့်ရပ်ကိုယ့်ရွာသားမဟုတ်တော့ ပြန်တောင်းရတဲ့အချိန်တော့ ကျွန်တော်တို့ ရဲရဲမတောင်းဝံ့တာတွေရှိတာပေါ့လေ။ ရွာခံအချင်းချင်းက ပြဿနာမဟုတ်ပေမယ့် တခြားရွာတွေကျတော့ သူတို့အခက်အခဲနဲ့ စိုက်ပျိုးလုပ်ကိုင်ရတဲ့ အခြေအနေတွေကို ကျွန်တော်တို့ သေချာ



လက်လှမ်းမမီတာလည်း ပါတာပေါ့။ ဒါကြောင့် သူ့ရွာသူ့ကော်မတီနဲ့သူ ပိုင်ပိုင်နိုင်နိုင်ထုတ်ချေး၊ ပြန်ပြီးသိမ်းဆည်းဆိုရင်တော့ ပိုပြီး အဆင်ပြေနိုင်ပါတယ်။ ကိုယ့်ရပ်ရွာက မျိုးစေ့ဘဏ်ကော်မတီကို ကောင်းကောင်းလည်ပတ်နိုင်အောင် ကြီးကြပ်လုပ်ကိုင်ပေးကြမယ့် ရွာခံတွေမာဖို့လည်း လိုပါတယ်။

**ဦးဌေးအနေနဲ့ မျိုးစေ့ဘဏ်ကော်မတီဝင်လည်း ဖြစ်တယ်။ မန်းကျိုးရွာရဲ့ အုပ်ချုပ်ရေးမှူးလည်း ဖြစ်နေတော့ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ လုပ်ကိုင်နေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

အုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ပြောရရင် ကိုယ့်ရပ်ရွာဖွံ့ဖြိုးဖို့ ဘယ်သူနဲ့ပူးပေါင်းပြီး လုပ်ရမလဲဆိုတာကို ကြည့်ပြီး ရွာနဲ့အဖွဲ့အစည်းတွေကြားမှာ ချိတ်ဆက်ပြီးလုပ်ပေးရတဲ့အနေအထားပါ။ ကိုယ့်ရွာ ဘာလိုတယ်ဆိုတာ ကိုယ်တွေကအသိဆုံးပဲ။ တစ်ဘက်က ဖွံ့ဖြိုးရေးကိုပံ့ပိုးမယ့် အဖွဲ့အစည်းတွေအနေနဲ့ ဘာတွေပံ့ပိုးနိုင်မလဲဆိုတာလည်း အုပ်ချုပ်ရေးမှူးတွေက အကင်းပါး၊ လာဘ်မြင်ဖို့လိုပါတယ်။ ကျွန်တော်က မန်းကျိုးဇာတိဖြစ်သလို မန်းရေနံမြေက ကျွန်တော့်ရပ်ရွာပါပဲ။ ကိုယ့်ရွာတွေမှာ တိုးတက်လာသလို အားလုံးကို အတူတူ တိုးတက်စေချင်တယ်။ ကိုယ်တိုင်က တာဝန်ခံပြီး ရဲရဲဝံ့ဝံ့လုပ်ကိုင်ရဲဖို့လိုပါတယ်။ တကယ်လိုအပ်တယ်လို့ယူဆပြီး တောင်းခံထားတဲ့ ကိုယ့်ရွာအလိုက်လိုအပ်ချက်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းအတွေက ဖြည့်ဆည်းပေးချိန်မှာလည်း ကျွန်တော်တို့ ရွာခံတွေက ပီပီပြင်ပြင်နဲ့ ပူးပေါင်းပါဝင်ဖို့၊ တာဝန်ခံပြီးလုပ်ကိုင်ဖို့၊ ရေရှည်ထိန်းသိမ်းနိုင်ဖို့ ပြန်ပြီးစီမံလုပ်ကိုင်ရတာတွေ ရှိပါတယ်။ ဒါလေးကို အားလုံးကအားစိုက်ထည့်ရင် ကျေးရွာတွေအားလုံး တစ်ပြိုင်တည်းတိုးတက်ပါလိမ့်မယ်။ ကျွန်တော်တို့မန်းကျိုးမှာ ကိုယ့်ရွာကအဆိုပြုတဲ့စီမံကိန်းတွေကိုဆိုရင် ဦးစားပေးအစီအစဉ်နဲ့ တကယ့်လိုအပ်ချက် ဖြစ်၊ မဖြစ်ကို ကျွန်တော်တို့ကသေချာလေးတိုင်ပင်ဆွေးနွေးတယ်။ ဒီလုပ်ငန်းစပြီး အကောင်အထည်ဖော်ပြီဆိုရင်လည်း အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းတယ်။ ဒီတော့ လုပ်ငန်းအောင်မြင်တယ်ပေါ့။ ဖွံ့ဖြိုးတိုးတက်အောင်ပေးတဲ့သူက ပေးတဲ့အချိန်မှာ ကျွန်တော်တို့ ရအောင်ယူတတ်စေချင်တယ်။ လက်နဲ့ စာရေးပြီးလျှောက်ထားရတာ၊ အစည်းအဝေးအတွက် သွားတာ၊ လာတာကအစ အားထုတ်ကြပြီး အုပ်ချုပ်ရေးမှူးတွေအနေနဲ့ ပိုပြီး ပူးပေါင်းပါဝင်လုပ်ကိုင်စေချင်ပါတယ်။

**အခုလိုရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။** ■



# ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းကြောင်းနှင့်လားရာ

**အထက်ပါခေါင်းစဉ်အောက်တွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် သမိုင်းတစ်လျှောက် ပြောင်းလဲလာခဲ့သည့် နိုင်ငံများ၏ အခန်းကဏ္ဍနှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်းကို ဆွေးနွေးတင်ပြသွားပါမည်။**

ပထမဆုံးဆွေးနွေးရန်လိုအပ်သည်မှာ နိုင်ငံ (State) ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်သည့် သမိုင်းအခြေခံအချက်အလက်အချို့ဖြစ်ပါသည်။ အစောဆုံးလူ့သမိုင်းကာလများမှစတင်၍ လူတို့သည် အချင်းချင်းစုစည်းပေါင်းစပ်နေထိုင်ကြရာ မိသားစု၊ ဆွေမျိုးအသိုက်အဝန်းများ၊ ကျေးရွာများ၊ မြို့ပြများဟူ၍ တဖြည်းဖြည်း ကျယ်ပြန့်ပြီး ယနေ့အချိန်တွင် ထိုအစုအဖွဲ့များအားလုံးပါဝင်သည့်နိုင်ငံအဖြစ် တည်ထောင်နေထိုင်ကြသည့်အဆင့်သို့ ရောက်ရှိခဲ့သည်။ နိုင်ငံတစ်ခုအဖြစ်တည်ရှိရာတွင် လူတစ်ဦးချင်းနှင့် လူ့အုပ်စုများသည် ကာကွယ်ရေး၊ လုံခြုံရေး၊ တရားမျှတမှု စသော အများသူငှာနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် ဆုံးဖြတ်လုပ်ကိုင်ခွင့်ကို နိုင်ငံအား ပေးအပ်ရလေ့ရှိပါသည်။ နိုင်ငံ (State) သည် အစိုးရတစ်ရပ် (Government) မှတစ်ဆင့် ထိုအခွင့်အာဏာများအရ စည်းမျဉ်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်း၍ သက်ဆိုင်ရာနယ်မြေအတွင်းရှိ လူ့အုပ်စုများအားလုံးအပေါ်တွင် ကျင့်သုံးပါသည်။

ယဉ်ကျေးမှု၊ သမိုင်း၊ ပထဝီ၊ စီးပွားရေး စသောအကြောင်းအချက်များစွာအပေါ်မူတည်ပြီး နိုင်ငံဟူသည် အရွယ်အစား၊ သဘောသဘာဝမျိုးစုံဖြင့် တည်ရှိနေခဲ့ပါသည်။ ရှေးယခင်က မြေယာပိုင်ဆိုင်မှုအပေါ် အခြေတည်သည့်နိုင်ငံများ ရှိခဲ့သလို၊ စီမံအုပ်ချုပ်မှုနှင့် အခွန်ကောက်ခံမှုအပေါ် အခြေပြုသည့်နိုင်ငံများလည်း ရှိပါသည်။ မြေယာကို အများကပိုင်ဆိုင်ခြင်းနှင့် ရှုပ်ထွေးသည့် ဗျူရိုကရေစီစနစ်များသည် ယနေ့ခေတ် ဈေးကွက်အခြေပြုသည့် ခေတ်သစ်နိုင်ငံများပေါ်ပေါက်ရေးကို နှောင့်နှေးစေခဲ့သည်ဟု ပညာရှင်များက ဆိုသည်။ မည်သို့ပင်ဖြစ်စေ၊ ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံများအကြားတွင် တူညီသည့် ဖြစ်တည်မှုအမှတ်လက္ခဏာများရှိနေပြီဖြစ်ပြီး၊ ၎င်းတို့မှာ အချုပ်အခြာအာဏာ လွှမ်းခြုံသည့် နယ်မြေ၊ လူဦးရေ၊ အထက်အောက်ဖွဲ့စည်းပုံနှင့် ပေါင်းစပ်ဆောင်ရွက်သည့် လုပ်ငန်းများ ဖြစ်ပါသည်။

ဆယ့်ရှစ်ရာစုနှင့် ဆယ့်ကိုးရာစုအစောပိုင်း၌ အရင်းရှင်နိုင်ငံများ၏ ကမ္ဘာတစ်ဝန်း နယ်မြေချဲ့ထွင်အုပ်စိုးသည့် ကိုလိုနီစနစ် ပျက်သုဉ်းခဲ့ပြီး၊ အဆိုပါအင်ပါယာနိုင်ငံများနှင့် ၎င်းတို့၏ အုပ်ချုပ်ခံနယ်မြေများ တစ်စစီ အပိုင်းပိုင်းပြိုကွဲထွက်လာခဲ့သည်။ အုပ်ချုပ်ခံနယ်မြေများမှ တိုင်းရင်းသားမျိုးနွယ်လူ့အုပ်စုများသည် ကိုယ်ပိုင်နိုင်ငံထူထောင်ခွင့်ကို အသီးသီး တောင်းဆိုလာခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ (၅၀) သာ ရှိခဲ့သော်လည်း ၁၉၉၆ ခုနှစ်တွင် (၁၈၅) နိုင်ငံသို့ တိုးတက်များပြားလာခဲ့ပါသည်။ ယခုအခါ အဖွဲ့ဝင် (၁၉၃) နိုင်ငံရှိနေပြီ ဖြစ်သည်။

ထို့နောက် များစွာသော နိုင်ငံနှင့်ပတ်သက်သည့် ဆွေးနွေးငြင်းခုံမှုများအနက်တစ်ခုမှာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးသည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ သဘောထားများ ဆက်လက်တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။ (၁၇) ရာစုနှစ်တွင် နိုင်ငံသည် ကုန်သွယ်ရေးနှင့်ပတ်သက်၍သာ အဓိကဦးဆောင်ခဲ့ပြီး၊ (၁၈) ရာစုနှောင်းပိုင်းတွင် စကော့လူမျိုး စီးပွားရေးပညာရှင် အဒမ်စမစ်ကလည်း တိုးတက်မှုနှင့် သာယာဝပြောမှုကို ဈေးကွက်ကသာ ဖော်ဆောင်သင့်သည်ဟု ဆိုခဲ့သည်။ ထိုအချိန်က တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးသုတေသန၊ ကားလမ်း၊ မီးရထားလမ်းများဖောက်လုပ်မှုတို့တွင် နိုင်ငံက ဦးဆောင်ခဲ့သော်လည်း ယနေ့စံနှုန်းများဖြင့် နှိုင်းယှဉ်ပါက နိုင်ငံ၏အခန်းကဏ္ဍသည် သေးငယ်၍ အကန့်အသတ်ဖြင့်သာရှိခဲ့သည်ဟု ဆိုပါသည်။ ဆက်လက်၍ နိုင်ငံများ၏ အခန်းကဏ္ဍအပြောင်းအလဲနှင့် ကြီးမားလာမှုသည် ၁၉ ရာစုနှစ်အတွင်း ပထမကမ္ဘာစစ်ကြီး (၁၉၁၄- ၁၉၁၈)၊ ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅)နှင့် အမေရိကန်နိုင်ငံ စီးပွားပျက်ကပ်ကြီး (၁၉၂၉-၁၉၃၉)နှင့် ဆက်စပ်၍ စတင်ဖြစ်ပေါ်လာသည်။ အဓိကအားဖြင့် စစ်ဘေးနှင့် စီးပွားပျက်ကပ်များကြောင့် ဆင်းရဲမွဲတေကြရသူများကို နိုင်ငံက စောင့်ရှောက်ကူညီရေး၊ စီမံကိန်းများကို ဈေးကွက်နှင့်အစိုးရတို့ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ဝင်ငွေထွက်ငွေ ဟန်ချက်ညီမျှရန် စီးပွားရေးမူဝါဒများ ချမှတ်ရေးတို့ကို ပြောင်းလဲလုပ်ဆောင်လာခဲ့ပါသည်။ ဆိုရသော် အရင်းရှင်စနစ်နှင့် ဈေးကွက်တို့၏ကျဆုံးခန်းအဖြစ် မဟာစီးပွားပျက်ကပ်ကြီးကို မျက်ဝါးထင်ထင်ကြုံတွေ့ခံစားရချိန်တွင် ဆန့်ကျင်ဖက်အားဖြင့် စစ်ဒဏ်ကြောင့်ကြေမွနေသည့် ဥရောပကို ပြန်လည်ထူထောင်ရန် အမေရိကန်နိုင်ငံက တက်ကြွစွာ ကြားဝင်ပံ့ပိုးဆောင်ရွက်သည့် မာရှယ်စီမံကိန်း (၁၉၄၈)နှင့် နိုင်ငံသားများအကြား တန်းတူညီမျှမှုအတွက် လူမှုရေးဆိုင်ရာစနစ်များကျင့်သုံးလာခြင်းတို့သည် ကမ္ဘာတစ်ဝန်း၌ လွှမ်းစွာနာမည်ကောင်းရနေခဲ့ချိန်ဖြစ်သည်။



ထို့ကြောင့် ကိုလိုနီလက်အောက်ခံဘဝမှ လွတ်မြောက်ခါစနိုင်ငံသစ်များသည် နိုင်ငံက ဦးဆောင်လွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ၁၉၆၀ ခုနှစ်များ၌ တက်ကြွစွာ ရွေးချယ်လျှောက်လှမ်းခဲ့ကြ၍ လုပ်ငန်းများကို နိုင်ငံပိုင်ပြုခြင်းနှင့် ဗဟိုအစိုးရက ဦးဆောင်သည့် စီးပွားရေးနှင့် အခြေခံအဆောက်အဦ စီမံကိန်းများ ပြုလုပ်ခဲ့သလို ကုန်ဈေးနှုန်းနှင့် ငွေကြေးလဲလှယ်မှုစနစ် ထိန်းချုပ်ခြင်းများကို ကျယ်ပြန့်စွာဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် နိုင်ငံများသည် တာဝန်ဝတ္တရားများ ပိုမိုများပြားလာပြီး ငွေကြေးနှင့် လူသားရင်းမြစ်အင်အားလည်း ပိုမိုကြီးထွားလာခဲ့သည်။ သို့သော် ထိုဖွံ့ဖြိုးရေးဗျူဟာသည် ၁၉၈၀ ခုနှစ်များအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီအကျပ်အတည်းနှင့် ရေနံဈေးနှုန်းပြိုလဲခြင်းတို့ကြောင့် အလွန်အထိနာခဲ့ပြီး ကမ္ဘာ့အကျယ်ပြန့်ဆုံး ချူကလီးယားလက်နက်ပိုင်နိုင်ငံဖြစ်သည့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခြင်း (၁၉၈၉- ၁၉၉၂) နှင့်အတူ လုံးဝနိဂုံးချုပ်ခဲ့သည်။

နောက်ပိုင်းတွင်မူ ကုန်ထုတ်လုပ်မှု၊ ဈေးနှုန်းနှင့် ရောင်းဝယ်ဖောက်ကားမှု စသော စီးပွားရေးကိစ္စရပ်များတွင် နိုင်ငံ၏ အလုံးစုံပါဝင်ဆောင်ရွက်ခြင်းကို ကန့်သတ်ပြီး များစွာသော နိုင်ငံများသည် ဈေးကွက်စီးပွားရေးစနစ်ကို အားပေးသည့် မဟာဗျူဟာများနှင့် မူဝါဒများ ပြောင်းလဲချမှတ်ကျင့်သုံးလာခဲ့ကြသည်။ ၁၉၉၀ ခုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သည့် ဝါရှင်တန်သဘောတူညီချက် (Washington Consensus) အရ ပြုပြင်ပြောင်းလဲမှုများကို အဆင့်အလိုက်ဆောင်ရွက်သွားရန်ဖြစ်ပြီး၊ ဆိုလိုသည်မှာ အစိုးရအနေနှင့် သံမဏိစက်ရုံများကို ကိုယ်တိုင်လည်ပတ်ရန် မလိုအပ်သကဲ့သို့ ပြည်တွင်းကားစက်ရုံထောင်ရန် ခေါင်းခဲစရာမလိုတော့ပါ။ သို့သော် ဤကဲ့သို့ နိုင်ငံ၏အခန်းကဏ္ဍကို လျှော့ချကန့်သတ်ရာတွင် ပြုပြင်ပြောင်းလဲမှုအဆင့်အလိုက် ဟန်ချက်ညီမျှမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းသည့်အခါ



အများပြည်သူအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြုပ်နှံမှုများပါ မပြည့်စုံသည့်အဖြစ်ကို ရောက်ရှိလာကြောင်း ပညာရှင်များက ထောက်ပြခဲ့ကြသည်။ ထိုအခါ ထိုလစ်ဟာမှုများကို အရပ်ဖက်ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဈေးကွက်က မွေးထုတ်လိုက်သည့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် ဖြည့်ဆည်းရန် ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။

သမိုင်းသင်ခန်းစာကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နိုင်ငံကအလုံးစုံလွှမ်းမိုးပဲ့ကိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းသည် မအောင်မြင်ခဲ့ပါ။ သို့သော် နိုင်ငံကင်းမဲ့သည့် နိုင်ငံမပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု (Stateless Development) ဆိုသည်မှာ ပို၍ မဖြစ်နိုင်ပါချေ။ အောင်မြင်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဟူသည် လူ့အသိုက်အမြုံ၏ ဘုံအကျိုးစီးပွားအတွက် နိုင်ငံ၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံလူထုနှင့် အရပ်ဖက်အဖွဲ့အစည်းများက ပွင့်လင်းမြင်သာစွာ လိုအပ်ချက်များကို အပြန်အလှန်တုံ့ပြန်ဖြည့်ဆည်းဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Community Development) ဆိုသည်မှာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်းက လူများအားလုံး ပူးပေါင်းအားထုတ်ကြသည့် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ သဘောထားပျော့ပျောင်းသည့် အရင်းရှင်စီးပွားရေးလုပ်ငန်းရှင်များက လူ့အဖွဲ့အစည်းအတွင်း အခြေခံလိုအပ်ချက်များပြည့်စုံရန် စိန်ခေါ်မှုအမျိုးမျိုး ကြုံတွေ့ရင်ဆိုင်နေရသူများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြပြီး ၎င်းတို့အား ပံ့ပိုးစောင့်ရှောက်ရန် ကျင့်သုံးချမှတ်သည့် လုပ်ငန်းတစ်ခုဟုလည်း ပြောကြပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ ဆောင်ရွက်ကြသည်ကို တွေ့နိုင်ပြီး လူအများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်း ပါဝင်ဆောင်ရွက်ကြသည့်နည်းလမ်းဖြင့်သာ အထိရောက်ဆုံး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ကြောင်း နောက်ဆုံးတွင် ကျယ်ကျယ်ပြန့်ပြန့် သဘောတူလက်ခံလာခဲ့ကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် လူတိုင်း၏အတွေးထဲတွင် မိမိ၏ရပ်ကွက်၊ မြို့ရွာနှင့်ပတ်သက်၍ မည်သို့ဖြစ်စေချင်သည်ဆိုသည့် စိတ်ကူးစိတ်သန်းများ ရှိတတ်ပါသည်။ ဖွံ့ဖြိုးပြီးချမ်းသာသည့် နိုင်ငံများတွင်ပင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာရှိနေပြီး ဥပမာအားဖြင့် အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် နိုင်ငံသားများ အလုပ်အကိုင်ရရှိရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ အငြင်းအခုံများ အားကောင်းနေသည်။ ဥရောပတိုက်တွင်လည်း သတင်းအမှားပြန့်နှံ့မှုကို ထိန်းချုပ်ရေး၊ ယူကရိန်းနိုင်ငံအား ပြန်လည်ထူထောင်ရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး စသောကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးမျိုးပြောဆိုသုံးသပ်နေကြသည်။ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်လုပ်ငန်းစဉ်မှာ ဆင်းရဲချမ်းသာမရွေး နိုင်ငံများအားလုံးနှင့် သက်ဆိုင်လျက်ရှိပြီး ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နိုင်ပါသည်။


အရေးကြီးဆုံးဖြစ်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှာ အခြေခံလိုအပ်ချက်များ ပြည့်စုံစွာဖြစ်တည်ရေး (Attainment of the Basic Needs) ဖြစ်ပါသည်။ ထို့နောက် သက်ဆိုင်ရာဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး (Participation) ပင်ဖြစ်ပါသည်။ နိုင်ငံအနေဖြင့်၊ ဒေသတစ်ခု၏ အခြေခံလိုအပ်ချက်များအနက် အချို့ဖြစ်သော ကျောင်းများ၊ ဆေးရုံများ၊ လမ်းတံတားများနှင့် အလုပ်အကိုင်များ ဖန်တီးဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဆိုသော်လည်း မကြာခဏဆိုသလို အကြောင်းရင်းအချို့ကြောင့် ထိုကဲ့သို့သော အခြေခံလိုအပ်ချက်များ မပြည့်စုံသည့်ဒေသများကိုလည်း တွေ့ရလေ့ရှိပါသည်။ ထိုအခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသည် အရေးပါလာပြီး သက်ဆိုင်ရာဒေသသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်မျှော်မှန်းထားသည့် အကောင်းဆုံးရလဒ်များကို ဖန်တီးရရှိနိုင်စေပါသည်။

ဥပမာ ဆေးရုံတစ်ခုဆောက်လုပ်ပြီးပါက သက်ဆိုင်ရာဒေသခံလူထုက အဆိုပါဆေးရုံကို ပိုမိုကောင်းမွန်ပြည့်စုံရန်နှင့် မိမိတို့လိုအပ်ချက်နှင့် ပိုမိုကိုက်ညီရန် ပြင်ဆင်မွမ်းမံခြင်း၊ ပစ္စည်းများ တပ်ဆင်ခြင်းတို့ကို ပြုလုပ်နိုင်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ နိုင်ငံနှင့်နိုင်ငံသားများ ပေါင်းစပ်လုပ်ကိုင်ခြင်းသည် မိမိတို့လိုလားသည့်အရာများကို ပိုမိုလွယ်ကူချောမောစွာ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် ထိုသို့ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်းများ (Conflict of Interest) ကို ရှောင်ရှားနိုင်စေပြီး တစ်ဖက်၏လိုလားချက်နှင့် အခြားတစ်ဖက်၏ လိုလားချက်များ (Priorities) အကြား ကွာဟမှုများကိုလည်း နည်းပါးစေနိုင်ပါသည်။ ဥပမာ ဒေသတစ်ခု၏ လိုလားချက်က ဆေးရုံဖြစ်သော်လည်း ကျောင်းဆောင်တစ်ခု ဆောက်လုပ်ရရှိလာတာမျိုးသည် မကိုက်ညီမှုများ ဖြစ်ပေါ်စေတတ်သည်။ ထိုအခါ နောက်တစ်ကြိမ်ဆောင်ရွက်မည့်ကိစ္စရပ်များတွင် အဆိုပါဒေသမှ လူများ၏စိတ်ပါဝင်စားမှု လျော့နည်းသွားစေနိုင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းသည်လည်း အောင်မြင်ရန် ခက်ခဲသွားနိုင်ခြင်းများကို လျှော့ချနိုင်စေသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အဆိုပါလုပ်ငန်းများတွင် ပေါင်းစပ်ပါဝင်ပံ့ပိုးပေးနိုင်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ရန် အခွင့်အရေးများစွာရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံမျှော်လင့်ထားကြသည်။ ပုဂ္ဂလိကကဏ္ဍသည် များစွာသော ငွေကြေးအရင်းအမြစ်၊ နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှုစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားပြီး ၎င်းကို နိုင်ငံ၊ ဒေသခံများနှင့် အခြားသော အဖွဲ့အစည်းများက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအတွက် အသုံးပြုစေလိုကြသည်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် ပြည်တွင်းစီးပွားရေးတိုးတက်မှုကို အားပေးလှုံ့ဆော်ခြင်းဖြင့် ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်မဲ့ပြဿနာများကို လျော့ပါးစေလိုကြသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍသည် တာဝန်ယူမှုတာဝန်ခံမှုရှိသော လုပ်ငန်းအလေ့အကျင့်များကို ချမှတ်လုပ်ကိုင်သလို ပြန့်ပွားစေနိုင်သည့် အရည်အချင်းလည်းရှိသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ၊ ဒေသခံလူထု၊ အဖွဲ့အစည်းများစွာတို့နှင့် ပူးပေါင်းဆောင်ရွက်၍ ကူးစက်ရောဂါများတိုက်ဖျက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်နှင့်ရေအရင်းအမြစ် ရရှိရေး၊ ကမ္ဘာကြီးပူနွေးမှုလျှော့ချရေး အစရှိသော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား များစွာအထောက်အကူပြုနိုင်ကြောင်း လက်ခံထားကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် GAVI သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး ကမ္ဘာ့ကလေးသူငယ်များ၏အသက်ကို ကာကွယ်စောင့်ရှောက်နိုင်မည့်ကာကွယ်ဆေးများ တန်းတူညီမျှစွာရရှိစေရန် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ၎င်းသည် ကျန်းမာရေးဝန်ကြီးဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ယူနီဆက်၊ ကမ္ဘာ့ဘဏ်၊ ဥရောပသမဂ္ဂ၊ ဘီလ်နှင့် မယ်လင်ဒါဂိတ်(စ်) ဖောင်ဒေးရှင်းအပါအဝင် ကမ္ဘာ့အစိုးရများ၊ ကုမ္ပဏီများနှင့်အဖွဲ့အစည်းများစွာက လှူဒါန်းမှုများနှင့် ပေါင်းစပ်ဆောင်ရွက်မှုပြယုဂ်ပင် ဖြစ်သည်။

၂၀၃၀ ခုနှစ်သို့ ရောက်ရှိရန် ငါးနှစ်ကျော်သာလိုတော့သည့် ယခုအချိန်တွင် မိမိတို့ကမ္ဘာကြီး၏ လူမှုစီးပွားအနေအထားများသည် များစွာဆိုးရွားနေပြီး ခန့်မှန်းရခက်သည့် အခြေအနေများသို့ ရောက်ရှိနေကြောင်း၊ ပဋိပက္ခများ၊

စာမျက်နှာ - ၁၂ ➤



# ကျေးရွာသန့်ရှင်းသာယာဖို့ တို့များပါဝင် ရှင်းလင်းစို့



**အောင်မြင်စွာလည်ပတ်လျက်ရှိသည့် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ်နှင့် ကျေးရွာ Trash Hero Leader များနှင့် တွေ့ဆုံခြင်း**

မြန်မာအမျိုးသား အမှိုက်စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် မဟာစီမံကိန်း (၂၀၁၈-၂၀၃၀) Myanmar National Waste Management Strategy and Master Plan (2018-2030) တွင် အလေးထားဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက်နှစ်ချက်ရှိသည်။ ယင်းမှာ ရေရှည်တည်တံ့သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဖြစ်စေရန် စွမ်းရည်ပျိုးထောင်ခြင်းနှင့် သမားရိုးကျအမှိုက်စီမံခန့်ခွဲမှုမှ 3Rs ဟုခေါ်သည့် စွန့်ပစ်အမှိုက်လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ထပ်မံအသုံးပြုခြင်း (Reduce၊ Reuse၊ Recycle) တို့ ပါဝင်သည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အဆင့် (၃) ဆင့်ကို အခြေခံသည့် ရေရှည်တည်တံ့သော ချဉ်းကပ်မှုသို့ကူးပြောင်းသည့် မူဘောင်ဖြင့် တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

MPRL E&P သည် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုတာဝန်သိလုပ်ငန်းကဏ္ဍများ ခွဲခြားသတ်မှတ်ဆောင်ရွက်ရာတွင် မန်းရေနံမြေထိစပ်ကျေးရွာများတွင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် ကိုယ်အားကိုယ်ကိုးစီမံခန့်ခွဲသည့် စနစ်တစ်ခုရှိရန်လိုအပ်ကြောင်းကို သတိပြုမိခဲ့သည်။ သို့ဖြစ်၍ ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲနိုင်မည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်တစ်ခုကို အကြံပြုပံ့ပိုးရန်နှင့် ယင်းလုပ်ငန်းစဉ်ကို ရေရှည်လည်ပတ်လုပ်ကိုင်နိုင်ရန် ထိန်းကျောင်းပေးနိုင်မည့်အစီအစဉ်ဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် အမှိုက်ကားဝယ်ယူရန် ငွေရင်းထုတ်၍ ပံ့ပိုးခြင်း၊ အမှိုက်သိမ်းဝန်ဆောင်မှုစနစ်တစ်ခု သတ်မှတ်အကောင်အထည်ဖော်ခြင်း၊ အဆိုပါစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရန် တာဝန်ခွဲဝေချထားခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ဖြင့် မန်းရေနံမြေတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

လက်ရှိတွင် မန်းရေနံမြေထိစပ်ကျေးရွာများတွင် MPRL E&P (CSR အစီအစဉ်) ၏ ထိန်းကျောင်းပံ့ပိုးမှုဖြင့် အမှိုက်သိမ်းဝန်ဆောင်မှုစနစ်မှာ ပုံမှန်ကောင်းမွန်စွာလည်ပတ်လျက်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ အမှိုက်ကားအခေါက်ရေ (၂,၇၉၃) ဖြင့် အမှိုက်တန်ချိန် (၄,၉၃၆) တန်ကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ခဲ့ပြီးဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ဒေသခံအမှိုက်သိမ်းဝန်ဆောင်မှုပေးသူနှင့် ဒေသခံများအကြား အမှိုက်သိမ်းဆည်းခ သတ်မှတ်ကောက်ခံခြင်း၊ ကျေးရွာအလိုက် အမှိုက်လာရောက်သိမ်းယူမည့်ရက်နှင့်အချိန်

အလိုက် အမှိုက်လာရောက်သိမ်းယူမည့်ရက်နှင့်အချိန်
များ ညှိနှိုင်းသတ်မှတ်ခြင်း၊ သိမ်းယူပြီးအမှိုက်များကို အမှိုက်ကားဝန်ဆောင်မှုပေးသူအနေဖြင့် သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်စေခြင်းနှင့် အမှိုက်သိမ်းယူမည့်အချိန်ဇယားအတိုင်း အမှိုက်သိမ်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိတို့ကို ပုံမှန်လေ့လာစောင့်ကြည့်ခြင်းတို့ဖြင့် MPRL E&P (CSR အစီအစဉ်) ၏ တာဝန်ရှိသူများနှင့်အတူ ဒေသခံစေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် လုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အလားတူ Trash Hero Mibu ၏ အမှိုက်ကောက်လှုပ်ရှားမှုများ၏ ကဏ္ဍတစ်ရပ်အနေဖြင့် ကျေးရွာအလိုက် အမှိုက်ကောက်လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြသည့် ကျေးရွာခေါင်းဆောင်များနှင့် ဒေသခံလူငယ်များကို စုစည်းကာ အမှိုက်ကောက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်နှင့် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် လစဉ်စီစဉ်ပံ့ပိုးနိုင်ခဲ့သည်။

သို့ဖြစ်၍ မန်းရေနံမြေ၏ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်တွင် တစ်တပ်တစ်အား ဝိုင်းဝန်းကူညီပံ့ပိုးလျက်ရှိသည့် Trash Hero Mibu ၏ ကျေးရွာအလိုက်ခေါင်းဆောင်များအနက် ခေါင်းဆောင်အချို့၏ လုပ်ငန်းအပေါ်ထားရှိသည့်သဘောထားနှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုသိရှိနိုင်စေရန် တို့မန်းမြေသတင်း အယ်ဒီတာအဖွဲ့နှင့်မေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။




**ဒေါ်မာမာဝင်း**
အေးမြကျေးရွာ

ကျွန်မက အေးမြကျေးရွာမှာ စေတနာ့ဝန်ထမ်းလုပ်လာတာ ၂၀၁၇ ခုနှစ်ကတည်းကပါ။ Trash Hero အမှိုက်ကောက်လှုပ်ရှားမှုတွေမှာ ရွာက ခေါင်းဆောင်အနေနဲ့ လုပ်ခဲ့တာတော့ ၂၀၁၉၊ ဇူလိုင်လလောက် ကတည်းကပါ။ ကျွန်မရွာမှာက ကလေးတွေကကို အားတက်သရောဖြစ်ပြီး စိတ်ဝင်စားကြပါတယ်။ ဘယ်နေ့ အမှိုက်ကောက်မယ်လို့ပြောထားရင် သူတို့ကကို ကြိုပြီးတော့လာမေး၊ လာပြောကြတယ်။ အခုဆို ကိုယ့်ရပ်ရွာထဲတင် အမှိုက်ကောက်နေကြမို့ ကလေးတွေက သူတို့ကျောင်းမှာလည်း လက်လွတ်စပယ် မပစ်ကြတော့ဘူး၊ ကလေးတွေကိုယ်တိုင်ကကို အမှိုက်ကောက်ဖို့ကို ကြိုပြီးတော့ မှတ်မှတ်ရရရှိနေကြတာ။ ကိုယ်ကလည်း အမှိုက်ကောက်ရင်း သူတို့ကိုလည်း စည်းရုံးပြီး ပြောပေးပါတယ်။ စာမေးပွဲရက်တို့ ဘာတို့ဆိုလည်း ကိုယ်က ညှိနှိုင်းပြီး ကလေးတွေ အဆင်ပြေမယ့် ရက်လေးတွေကို ကောက်ဖြစ်ကြပါတယ်။

ရွာကိုလာတဲ့ အမှိုက်သိမ်းဝန်ဆောင်မှုကိုလည်း စကတည်းက ကျွန်မတို့ အေးမြက ပူးပေါင်းပါဝင်ခဲ့ပါတယ်။ ကျွန်မကတော့ ရွာမှာ လပြတ်နဲ့ ကောက်ထားလိုက်တယ်။ အရင်က တစ်အိမ် ၃၀၀ိ/ အခုဆို တစ်အိမ် ၅၀၀ိ/ သတ်မှတ်ထားပါတယ်။ ဒါက အမှိုက်ကား တစ်ပတ်တစ်ခါလာတယ်။ တစ်လစာအပြီး ကောက်ထားတဲ့သဘောပါ။ တချို့ရွာတွေကတော့ အမှိုက်ကားလာတဲ့ အခေါက်ရေနဲ့ချိန်ပြီး ပေးချေတာမျိုးလုပ်ပါတယ်။ ကျွန်မကတော့ အမှိုက်ကားကို လာရမယ့်ရက်ကို လာပေးပြီး တစ်လစာတစ်လ စာရင်းပြန်ရှင်းပေးလိုက်ပါတယ်။ အခုဆိုအေးမြက အိမ်ခြေ (၁၆၈) အိမ် ရှိပေမယ့် ဝါတွင်းဆွမ်းပတ်ချိန်တွေဆိုတော့ အိမ်ခြေက (၁၃၀) စာလောက်တော့ ပုံမှန်ကောက်လို့ရပါတယ်။ ရွာထဲက လမ်း (၄) လမ်းမှာ ဝင်ရထွက်ရလွယ်တဲ့ (၃) လမ်းကို ဝင်ကောက်ပေးပါတယ်။ ဝင်မရတဲ့လမ်းတွေကတော့ လမ်းမဘက်ထွက်ပြီး လာပေးကြပါတယ်။ တချို့လည်း အမှိုက်ကားခ ၅၀၀ိ/ မပေးဖြစ်သေးပေမယ့် အမှိုက်လာပေးလည်း ယူပေးလိုက်ပါတယ်။ မဟုတ်ရင် ဒီအမှိုက်က အပြင်ထွက်မှာမို့ ကျွန်မတို့က တစ်ခါတည်းသိမ်းပေးလိုက်တာပါပဲ။

အမှိုက်သိမ်းဖို့ ကောက်ထားတဲ့ ပိုငွေ၊ လိုငွေတွေကို ရွာကကြော်ငြာသင်ပုန်းမှာ လစဉ်ကပ်ပြီး ကြေညာပေးပါတယ်။ နောက်ပြီး MPRL E&P (CSR အစီအစဉ်) က (၆) လတစ်ကြိမ်ပြုလုပ်တဲ့ ကျေးရွာလူထုနဲ့ဆွေးနွေးပွဲတွေမှာလည်း ပွင့်ပွင့်လင်းလင်း ရှင်းပြပေးပါတယ်။ အမှိုက်တွေကိုလည်း ပစ်ရမယ့်နေရာမှာ အမှိုက်ကားတွေက စနစ်တကျသွားပစ်ပါတယ်။ စေတနာ့ဝန်ထမ်းတစ်ယောက်အနေနဲ့ကတော့ အမှိုက်သိမ်းတဲ့အလုပ်က ကိုယ့်ရပ်ကိုယ့်ရွာသန့်ရှင်းရေးအတွက်မို့ စိတ်ပါလက်ပါနဲ့ အားစိုက်လုပ်ဖြစ်ပါတယ်။



**ဒေါ်အေးအေးမြင့်**
**(ခ) မဖြူ**
နန်းဦးကျေးရွာ

စေတနာ့ဝန်ထမ်းအလုပ်ကို ၂၀၁၇ ခုနှစ်မှာ စလုပ်ခဲ့ပါတယ်။ Trash Hero အမှိုက်ကောက်လှုပ်ရှားမှုတွေ စခဲ့တဲ့ ၂၀၁၉ ကတည်းက ကျွန်မက နန်းဦးကျေးရွာ ခေါင်းဆောင်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ MPRL E&P (CSR အစီအစဉ်) ကနေ ကမကထလုပ်ခဲ့တဲ့ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးစနစ်မှာ အမှိုက်သိမ်းဝန်ဆောင်မှုနဲ့ အမှိုက်ကောက်လှုပ်ရှားမှုဆိုပြီးတော့ တွဲလုပ်ခဲ့ပါတယ်။ ကျွန်မတို့ မန်းရေနံမြေထိစပ်ကျေးရွာတွေမှာအမှိုက်တွေကို စနစ်တကျစုစည်းပြီး သတ်မှတ်နေရာတွေမှာ စနစ်တကျ စွန့်ပစ်နိုင်ဖို့ပါ။ အရင်က ရွာထိပ်ရွာဝင်တွေမှာ အမှိုက်ပုံကြီးတွေ ရှိနေတာမျိုးပါ။ အခုကတော့ အိမ်တိုင်းကနေ တစ်လစာ အမှိုက်ပစ်ခ ၅၀၀ိ/ လောက်နဲ့ ရွာထဲကို တစ်ပတ်တစ်ခါ အမှိုက်ကားလာပြီး အမှိုက်သိမ်းပေးပါတယ်။ ဒီအမှိုက်ကားကလည်း စကနဦးက CSR အစီအစဉ်နဲ့ဝယ်ဖို့ ပံ့ပိုးပေးပြီး ကျွန်မတို့ဒေသက လုပ်နိုင်ကိုင်နိုင်တဲ့သူတွေကပဲ အမှိုက်ကားကန်ထရိုက်သဘောမျိုးနဲ့ဆွဲပေးတာမို့ အဆင်ပြေပါတယ်။ ကိုယ့်ရပ်ရွာအတွက်မို့ အမြတ်အစွန်းလည်း အဓိကမဟုတ်ပါဘူး။ ရပ်ထဲရွာထဲက ထွက်သမျှအမှိုက်ကတော့ အခုဆို လည်းလည်ပတ်ပတ်နဲ့ နေရာတကျပစ်နိုင်တဲ့ အနေအထားဖြစ်သွားပါပြီ။ ကျွန်မတို့ရွာကို အပတ်စဉ်တနင်္ဂနွေတိုင်း အမှိုက်ကားလာတယ်။ မနက် (၆) နာရီခွဲလောက်ဆို လာနေကျမို့ မလာခင်တစ်ရက်က ရွာထဲကြိုပြီး ဆော်ဩထားလိုက်ကြတယ်။ လမ်းပေါက်စေ့လည်း ပတ်ပေးပါတယ်။ အမှိုက်ကားမရတဲ့လမ်းကျတော့လည်း စုရပ်ကိုလာပစ်ကြပါတယ်။ အမှိုက်ပစ်တဲ့ ဝန်ဆောင်မှုအတွက်တော့ ကျွန်မတို့ ပုံမှန်စာရင်းရှင်းတမ်းလေးတွေ လုပ်ပေးပါတယ်။ ကျွန်မတို့နန်းဦးက အမှိုက်ကားကို ခေါက်ရေနဲ့ဆွဲပြီး တစ်ခေါက်ခကို ၁၂,၀၀၀ိ/ နဲ့ ဆွဲတာပါ။

နောက်တစ်ခုကတော့ အမှိုက်ကောက်လှုပ်ရှားမှု ဖြစ်တဲ့ Trash Hero အမှိုက်ကောက်အဖွဲ့က ကျွန်မနဲ့အတူ ဒုတိယခေါင်းဆောင်လည်းရှိပါတယ်။ ကျွန်မ မအားတဲ့အချိန်ဆို သူက ဦးဆောင်ပြီး ကလေးတွေနဲ့အတူ အမှိုက်ကောက်ကြပါတယ်။ အရင်က အဖွဲ့ဝင် (၄၀) လောက်ရှိပါတယ်။ တစ်လကို (၄) ကြိမ်၊ (၂) ကြိမ်၊ (၁) ကြိမ် ဒီလို ပုံမှန်ကောက်ကြပါတယ်။ အမှိုက်ကောက်ကြတဲ့ ကလေးတွေက မူလတန်းနဲ့ အလယ်တန်းကလေးတွေများတာမို့ သူတို့ကျောင်းအားတဲ့ရက်နဲ့ တချို့လည်း ကျူရှင်ချိန်လွတ်တဲ့အချိန်တွေမှာ ကျွန်မတို့က ညှိနှိုင်းပြီး ကောက်ကြပါတယ်။ ကျွန်မရွာကဆို ကလေးတွေက တနင်္ဂနွေနေ့တိုင်း လာလာမေးကြတယ်။ အမှိုက်ကောက်ထွက်ကြမလား ဆိုတာ။ သူတို့ကကို တက်တက်ကြွကြွနဲ့ စိတ်ပါကြပါတယ်။ ကျွန်မ အမြင်ကတော့ အမှိုက်ကိုယ်တိုင်ပစ်ရတဲ့အချိန်နဲ့ သွားပစ်ရတဲ့ဆိုင်ကယ်ဆီဖိုးနဲ့တွက်ကြည့်ရင် အမှိုက်ပစ်ခက မပြောပလောက်တော့ အားလုံးတစ်စိတ်တစ်ဝမ်းတည်း ဝိုင်းလုပ်ကြရင် ပိုပြီး အောင်မြင်မယ်လို့ထင်ပါတယ်။ ■


# ကျေးရွာအလိုက် အမှိုက်ကားလာရောက်မည့် အချိန်နှင့်နေ့ရက်များကို သက်ဆိုင်ရာကျေးရွာများတွင် အသိပေးတင်ပြခြင်း


MPRL E&P (CSR အစီအစဉ်) ၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် မန်းရေနံမြေထိစပ်ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုယ့်အားကိုယ်ကိုးစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်တွင် အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်သိမ်းလုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာအလိုက် ကောင်းမွန်စွာလည်ပတ်ဆောင်ရွက်နိုင်ရန် အမှိုက်သိမ်းယာဉ်လာရောက်မည့် ကျေးရွာ၊ နေ့ရက်နှင့် အချိန်တို့ကို သက်ဆိုင်ရာကျေးရွာများရှိ MPRL E&P ၏ ကြော်ညာသင်ပုန်းများတွင် အသိပေးကြေညာခဲ့သည်။ MPRL E&P ၏ ရေနံမြေ CSR ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စေတနာ့ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေး၍ အမှိုက်သိမ်းဝန်ဆောင်မှုပေးမည့်အခြေအနေများကို ဒေသခံများအား အချိန်နှင့်တပြေးညီ အသိပေးတင်ပြလျက်ရှိသည်။ ထို့ပြင် အမှိုက်သိမ်းဝန်ဆောင်မှုအတွက် လစဉ်ဝင်ငွေနှင့် အသုံးစရိတ်များ စိစစ်ခြင်း၊ Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုအခြေအနေများကို CSR လုပ်ငန်းအဖွဲ့ဝင်များက လေ့လာစောင့်ကြည့်လျက်ရှိပြီး အမှိုက်ကောက်လှုပ်ရှားမှုတွင် ဒေသခံများပိုမိုပါဝင်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးလျက်ရှိသည်။ ■






| မန်းရေနံမြေထိစပ်ကျေးရွာများတွင် လအလိုက် အမှိုက်ကောက်လှုပ်ရှားမှုအခြေအနေ | | | | |
|---|---|---|---|---|
| | အမှိုက်ကောက်အကြိမ်ရေ | အမှိုက်ကောက်သူဦးရေ | အမှိုက်အိတ်ပေါင်း | အမှိုက်ကီလိုပေါင်း |
| ဇွန် | ၉ | ၂၅၈ | ၇၂ | ၃၆၀ |
| ဇူလိုင် | ၉ | ၁၀၁ | ၂၇ | ၁၃၅ |
| ဩဂုတ် | ၅ | ၇၅ | ၂၀ | ၁၀၀ |









# အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများ ပုံမှန်ဖွင့်လှစ်

မန်းရေနံမြေဒေသခံများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ပံ့ပိုးလျက်ရှိသည့် MPRL E&P (CSR အစီအစဉ်) ၏ ရွေ့လျားဆေးပေးခန်းများကို သတ်မှတ်ရက်၊ သတ်မှတ်နေရာအလိုက် ပုံမှန်အပတ်စဉ်ဖွင့်လှစ်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ ဆေးခန်းဖွင့်လှစ်မှုအကြိမ်ရေ (၅၆၆) ကြိမ်ရှိပြီဖြစ်ပြီး အဆိုပါဆေးခန်းများသို့ လာရောက်ပြသမှုအကြိမ်ရေ (၁၆,၇၀၁) ကြိမ် ရှိပြီဖြစ်သည်။








| ရွေ့လျားဆေးပေးခန်းများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေ | | | |
|---|---|---|---|
| ဆေးခန်း ဖွင့်လှစ်သည့်လ | ဆေးခန်းဖွင့်လှစ်သည့် အကြိမ်ရေ | ဆေးခန်းသို့လာရောက်ပြသမှု အကြိမ်ရေ | အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှု အကြိမ်ရေ |
| ဇွန်လ | ၂၀ | ၄၆၄ | ၀ |
| ဇူလိုင်လ | ၂၂ | ၆၀၄ | ၁ |
| ဩဂုတ်လ | ၂၂ | ၆၇၇ | ၀ |

**ရွေ့လျားဆေးပေးခန်းနေရာ (၆) နေရာ၏ လူနာလွှမ်းခြုံနိုင်မှု (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့အထိ)**








စာမျက်နှာ - ၉ မှ အဆက်

အတောမသတ်နိုင်သည့် စီးပွားရေးကျဆင်းမှုများနှင့် ကပ်ရောဂါများကြောင့် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်နေရကြောင်း ပညာရှင်များက ထောက်ပြသတိပေးနေပါသည်။ နိုင်ငံများအနေဖြင့် ထိုစိန်ခေါ်မှုများကို တစ်ဦးတည်း ရင်ဆိုင်ကျော်လွှားရန် များစွာခက်ခဲလှပြီး၊ လူ့အဖွဲ့အစည်းတစ်ခုလုံး အတိုင်းအတာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မှသာ အောင်မြင်မည့်အနေအထားဖြစ်ပါသည်။ ကမ္ဘာကြီး၏ တူညီသည့် စိန်ခေါ်မှုများအားဖြေရှင်းရန် နိုင်ငံများက ဦးစီးဆောင်ရွက်ရမည်ဖြစ်သော်လည်း အဖြေများကို အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံလူထု၊ အခြားသော အဖွဲ့အစည်းများက ပူးပေါင်းရှာဖွေလုပ်ဆောင်ရမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍသည် အရင်းအနှီး အလွန်ကြီးမားများပြားစွာ ပိုင်ဆိုင်သော်လည်း အနည်းငယ်သော ပမာဏကသာ ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် ချိတ်ဆက်ပံ့ပိုးမှုရှိသည်ဟု ဆိုသည်။ သို့သော် မကြာသေးမီနှစ်များအတွင်း ကုမ္ပဏီများသည် စွမ်းအင်၊ ရေအရင်းအမြစ်၊ အခြေခံအဆောက်အဦ၊ လမ်းတံတားများ (Basic Public Goods) သာမက လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ အဆောက်အအုံများ၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုကဏ္ဍများ (Social & Institutional Fundamentals) တွင်ပါ ရင်းနှီးမြုပ်နှံလာကြောင်း သိရှိရသည်။ ထို့အပြင် ကမ္ဘာကြီး၏ စံတန်ဖိုးများဖြစ်သော လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ကျားမတန်းတူညီမျှရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပွင့်လင်းမြင်သာမှုနှင့် အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ကိုင်စွဲလာကြကြောင်း သိရပါသည်။

နိဂုံးချုပ်ရသော် အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သည့် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ (၁၁) ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံရေးသည် နိုင်ငံတစ်ခု၏ တောင့်တင်းခိုင်မာမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ထိရောက်အောင်မြင်မှုတို့အပေါ် အထူးအာရုံစိုက်လာခဲ့သည်။ အကြောင်းမှာ နိုင်ငံတစ်ခု အားနည်းသည့်အခါ အကြမ်းဖက်လုပ်ငန်းများ၊ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာများနှင့် လူမှုစီးပွားပဋိပက္ခများဖြစ်ပွား၍ အခြားနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်တတ်သဖြင့် ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်အတူ နိုင်ငံကသာ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အသိအမှတ်ပြုထားကြပါသည်။ ထို့ကြောင့် နိုင်ငံတိုင်း ဆောင်ရွက်နိုင်သည့်လုပ်ငန်းများမှာ နူးညံ့သိမ်မွေ့သည့်လုပ်ငန်းတစ်ခု (Soft Power Strategy) ဖြစ်သော နိုင်ငံတည်ဆောက်ခြင်းလုပ်ငန်းစဉ် (Nation Building) နှင့် အားလုံးပါဝင်သည့် အရင်းရှင်စီးပွားရေးစနစ် (Stakeholder Capitalism) တို့ကို ပိုမိုခိုင်မာအားကောင်းစေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ တရားဥပဒေစိုးမိုးမှု (Rule of Law)၊ တူညီသည့်အခြေခံကျင့်ဝတ်စံတန်ဖိုးများ (Shared Values)၊ လူမှုစီးပွားဘဝတိုးတက်ရေးဆိုင်ရာလိုလားချက်များ (Development Priorities)၊ လုပ်နည်းကိုင်နည်းများ (Norms)နှင့် သဘောတူညီမှုများ (Agreements) ဖြစ်ပေါ်လာရန် ဒေသခံပြည်သူလူထု၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အကူအညီပေးရေးအဖွဲ့အစည်းများ၊ အစိုးရအသီးသီး၊ ပုဂ္ဂလိကကဏ္ဍများအကြားနှင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများတည်ဆောက်ကာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖော်ဆောင်လျက်ရှိသည့် သာယာစည်ပင်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများ ဖန်တီးရရှိနိုင်ကြမည်ဖြစ်ပါတော့သည်။ ■

# MPRL E&P (CSR အစီအစဉ်) ၏ ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအဖြစ် MOGE မန်းရေနံမြေဝန်ထမ်းမိသားစုများအတွက် ပံ့ပိုးလှူဒါန်း

MPRL E&P (CSR အစီအစဉ်) ၏ ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအဖြစ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ဝန်ထမ်းများအတွက် ဆန်၊ ဆီများ ပံ့ပိုးနိုင်ရန် စုစုပေါင်း ကျပ် ၃၀,၀၀၀,၀၀၀/ (ကျပ်သိန်းသုံးရာ) ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေစီမံခန့်ခွဲရေးမန်နေဂျာ ဦးမျိုးဝင်းက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်ထံသို့ MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးရုံး၌ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ MPRL E&P (CSR အစီအစဉ်) သည် ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအဖြစ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ဝန်ထမ်းများအတွက် လိုအပ်သည့်ကဏ္ဍအလိုက် ပံ့ပိုးမှုများကို မန်းရေနံမြေအထွေထွေမန်နေဂျာနှင့်ပူးပေါင်း၍ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်သည်။ ■





# ရန်ကုန်ကလေးဆေးရုံကြီး ကလေးအထူးကြပ်မတ်ကုသဆောင်အတွက် အရေးပေါ် အသက်ရှူစက် တပ်ဆင်ရာတွင် တွဲဘက်အသုံးပြုရမည့် ဆက်စပ်ပစ္စည်းများလှူဒါန်း





MPRL E&P (CSR အစီအစဉ်) ၏ လှူဒါန်းပံ့ပိုးမှုကဏ္ဍတစ်ရပ်အနေဖြင့် ရန်ကုန်မြို့ရှိ ကုတင် (၁,၀၀၀) ဆန့် ရန်ကုန်ကလေးဆေးကြီး၏ ကလေးအထူးကြပ်မတ်ကုသဆောင် (Pediatric Intensive Care Unit) အတွက် လိုအပ်လျက်ရှိသည့် အရေးပေါ်အသက်ရှူစက်တပ်ဆင်ရာတွင် တွဲဘက်အသုံးပြုရမည့် ဆက်စပ်ပစ္စည်းများဖြစ်သည့် လေပိုက်ပြွန် (Endotracheal Tubes) များကို ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း အဆိုပါဆေးရုံကြီးသို့ သွားရောက်လှူဒါန်းခဲ့သည်။ ယခုလှူဒါန်းမှုသည် ရန်ကုန်ကလေးဆေးရုံကြီး၏ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသည့် အရေးပေါ် ကလေးဝေဒနာရှင်များအတွက် အရည်အသွေးပြည့်မီသည့် အထူးကြပ်မတ်ကုသမှုများဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။



Endotracheal Tube များသည် အသက်ရှူလမ်းကြောင်းတွင် အရေးပေါ်အသက်ရှူစက် တပ်ဆင်သည့်အချိန်နှင့် မေ့ဆေးပေးသည့်အချိန်တို့တွင် အောက်ဆီဂျင်နှင့် ဆေးဝါးများအတွက် လေလမ်းကြောင်းပိတ်ဆို့မှုမရှိစေဘဲ လူနာ၏အဆုတ်သို့ တိုက်ရိုက်ပို့ဆောင်ပေးနိုင်ရန် လည်ချောင်းအတွင်းထည့်သွင်းရသည့် မရှိမဖြစ်အရေးပေါ်သုံး လေပိုက်ပြွန်များဖြစ်သည်။ အဆိုပါလေပိုက်ပြွန်များသည် လူနာအသက်အရွယ်နှင့် အသုံးပြုမည့်အခြေအနေကိုလိုက်၍ သင့်လျော်သောအရွယ်အစားနှင့်အမျိုးအစားကို ရွေးချယ်အသုံးပြုရသည့်ပစ္စည်းများလည်းဖြစ်သည်။

အချင်း (၃) မီလီမီတာမှ (၅.၅) မီလီမီတာအတွင်းရှိ Endotracheal Tubes ဆိုဒ်မျိုးစုံ စုစုပေါင်း (၂,၅၀၀) ခုကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ဆေးနှင့်ဆေးဆက်စပ်ပစ္စည်းများတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်၍ MPRL E&P ကုမ္ပဏီအနေဖြင့် ဝယ်ယူတင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ သယ်ယူစရိတ်များအပါအဝင် စုစုပေါင်း ထိုင်းဘတ် ၉၅,၈၅၈/ (အမေရိကန်ဒေါ်လာ ၂၆၁၁.၆၅) ကျသင့်ခဲ့သည်။ အဆိုပါလေပိုက်ပြွန်များကို MPRL E&P ၏ အမှုဆောင်အရာရှိချုပ်ကိုယ်စား ဒေါက်တာစုမြတ်စိုး၊ Head of Corporate Sustainability ဒေါ်ဝတ်မှုံတင်လတ်နှင့် Material & Logistics Manager ဦးကိုကိုနိုင်တို့က ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် ရန်ကုန်ကလေးဆေးရုံကြီး၊ ကလေးအထူးကြပ်မတ်ကုသဆောင်၏ Senior Consultant Pediatrician ဒေါက်တာစိုးစိုးမော်ထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ယင်းသို့ အရေးပေါ်လိုအပ်သည့် ကျန်းမာရေးဆက်စပ်ပစ္စည်းများလှူဒါန်းမှုအတွက် ရန်ကုန်ကလေးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦးက MPRL E&P ၏ တာဝန်ရှိသူများထံ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လှူဒါန်းမှုအတွက် ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။ ■






# အထက (၁) မင်းဘူးတွင် ကျင်းပခဲ့သည့် “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်” တွင် MPRL E&P ၏ မန်းရေနံမြေပြခန်းပါဝင်ပြသ






ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပလျက်ရှိသည့် “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်” ကို ဩဂုတ်လ (၃၁) ရက်နေ့တွင် အထက (၁) မင်းဘူးတွင်ကျင်းပခဲ့ရာ အဆိုပါပွဲတော်သို့တက်ရောက်လာသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် မန်းရေနံမြေပြခန်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အတူ MPRL E&P ကုမ္ပဏီအနေဖြင့် ပါဝင်ဖွင့်လှစ်ပြသခဲ့သည်။




ပြခန်းတွင် မန်းရေနံမြေ၏ ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှု ပုံစံငယ်များပြသခြင်း၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် လူမှုတာဝန်သိလုပ်ငန်းဆောင်ရွက်မှု ပိုစတာများ၊ သတင်းလွှာများ၊ လက်ကမ်းစာစောင်များနှင့် အစီရင်ခံစာများကို ထည့်သွင်းပြသခဲ့သည်။ အလားတူ MPRL E&P (CSR အစီအစဉ်)၏ ပံ့ပိုးမှုဖြင့် မန်းရေနံမြေဒေသခံများထုတ်လုပ်လျက်ရှိသည့် နမ္မဒါချည်ထည်အိတ်များကိုပါ ခင်းကျင်းပြသခဲ့သည်။ ထို့ပြင် “စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်” သို့ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၂,၀၀၀,၀၀၀/ (ကျပ်နှစ်ဆယ်သိန်း) ပံ့ပိုးခဲ့သည်။















အဆိုပါပွဲတော်တွင် မကွေးတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာအသီးသီးမှ သက်ဆိုင်ရာလုပ်ငန်းအလိုက်ပြခန်းများဖွင့်လှစ်ပြသခဲ့ပြီး စာကြည့်တိုက်များအတွက် အလှူငွေ၊ စာအုပ်စာစောင်များနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း၊ စာပေဟောပြောပွဲနှင့် ဂုဏ်ပြုတေးသီချင်း သီဆိုတင်ဆက်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ပါဝင်လေ့လာခဲ့သည်။ ■

# လက်ခံရရှိသည့် အကြံပြုစာများကို သတ်မှတ် KPIs များနှင့်အညီ အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ


ဒေသခံတစ်ဦးချင်းနှင့် ဒေသခံလူထုအတွက် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် လုပ်ငန်းစဉ်ဖြစ်သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism) အရ မန်းရေနံမြေတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်း မန်းရေနံမြေထိစပ်ကျေးရွာများမှ အကြံပြုစာလွှာတင်ပြခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ ပေးပို့လာသော အကြံပြုစာအရေအတွက် စုစုပေါင်း (၁၈၀) စောင်ရှိသည်။

MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သုံးလပတ်အစီရင်ခံစာကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သုံးလတစ်ကြိမ်ပြုစု၍ ကုမ္ပဏီဝက်ဆိုဒ်တွင် ပုံမှန်ဖော်ပြလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမ သုံးလပတ်အစီရင်ခံစာကို အများသူငှာလေ့လာနိုင်ရန် အသစ်ပြုစု တင်ပြထားပြီးဖြစ်သည်။ ■




၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ လက်ခံရရှိသော အကြံပြုစာအမျိုးအစားနှင့် အရေအတွက်




၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ လက်ခံရရှိသော အကြံပြုစာအရေအတွက်

# ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်းနှင့် ဥပုသ်သီလ ဆောက်တည်သူများကို စတုဒိသာလှူဒါန်းခြင်း









မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ဝါတွင်းကာလတွင် မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဝါကပ်တော်မူမည့် ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆပ်ကပ်လှူဒါန်းခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြသည့် ဒေသခံများအတွက် စတုဒိသာကျွေးမွေးလှူဒါန်းနိုင်ရန် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ၏ ဖိတ်ခေါ်မှုဖြင့် MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် ကျပ် ၁,၇၅၀,၀၀၀/ (ကျပ်တစ်ဆယ့်ခုနစ်သိန်းငါးသောင်း) ပံ့ပိုးလှူဒါန်းခဲ့သည်။ ■



# ဆေးဝါးကျွမ်းကျင်အကူနှင့်အကူသူနာပြုသင်တန်း တက်ရောက်ခွင့်ပညာသင်ဆုများ MPRL E&P (CSR အစီအစဉ်) ပံ့ပိုး

မန်းရေနံမြေဒေသခံလူငယ်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများကို ဒေသတွင်း၌ပင် လက်လှမ်းမီစွာ တက်ရောက်ခွင့်ရရှိနိုင်ရန်၊ အလုပ်အကိုင်တိုးတက်ရရှိရန်နှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်အသုံးချနိုင်ရန်ရည်ရွယ်၍ မကွေးမြို့ရှိ ပုဂ္ဂလိကသင်တန်းကျောင်းတစ်ခုဖြစ်သည့် မြတ်မီးအိမ် ဆေးဝါးကျွမ်းကျင်အကူနှင့် အကူသူနာပြုသင်တန်းကျောင်းတွင် သုံးလတာသင်တန်းတက်ရောက်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ၏ ပညာသင်ဆုလျှောက်ထားနိုင်ကြောင်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း လျှောက်လွှာခေါ်ယူခဲ့သည်။ အဆိုပါပညာသင်ဆုအတွက် မန်းရေနံမြေဒေသခံများအနက် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသည့် လျှောက်ထားသူ (၁၁) ဦးရှိရာ သက်ဆိုင်ရာသင်တန်းမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ CSR လုပ်ငန်းအဖွဲ့ဝင်များက စိစစ်သုံးသပ်ရွေးချယ်ခဲ့ပြီး ဒေသခံလူငယ် (၅) ဦးကို ပညာသင်ဆုများ ချီးမြှင့်ခဲ့သည်။ ပညာသင်ဆုရရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့မှ သင်တန်းစတင်တက်ရောက်လျက်ရှိသည်။

| မြတ်မီးအိမ် ဆေးဝါးကျွမ်းကျင်အကူနှင့် အကူသူနာပြုသင်တန်းကျောင်း၏ သုံးလသင်တန်းသို့ MPRL E&P (CSR အစီအစဉ်) ၏ ပညာသင်ဆုဖြင့် တက်ရောက်ခွင့်ရရှိသည့် မန်းရေနံမြေဒေသခံကျောင်းသားစာရင်း | | | |
|---|---|---|---|
| စဉ် | အမည် | ကျေးရွာ | သင်တန်းအမျိုးအစား |
| ၁။ | မဇာဇာသင်း | ပေါက်ကုန်း | ဆေးဝါးကျွမ်းကျင်အကူ |
| ၂။ | မစန္ဒီချမ်းမြေ့အောင် | မန်းကျိုး | အကူသူနာပြု |
| ၃။ | မခင်ချမ်းမြေ့အောင် | မန်းကျိုး | အကူသူနာပြု |
| ၄။ | မောင်မျိုးမင်းသန်း | လက်ပံတော | ဆေးဝါးကျွမ်းကျင်အကူ |
| ၅။ | မချောအိနိုင် | ရွာသာ | အကူသူနာပြု |





သင်တန်းသားတစ်ဦးလျှင် သုံးလတာ သင်တန်းကြေး၊ ထမင်းစရိတ်၊ ဝတ်စုံစရိတ်၊ စာအုပ်စာတမ်းနှင့် သွားလာစရိတ်များအပါအဝင် ခန့်မှန်းကုန်ကျစရိတ်ငွေ ကျပ် ၁,၀၀၀,၀၀၀/ (ကျပ်တစ်ဆယ်သိန်း) ခန့်ရှိပြီး သင်တန်းသား (၅) ဦးအတွက် ကုန်ကျငွေများကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးသွားမည်ဖြစ်သည်။ သူနာပြုအကူသင်တန်းသားများအနေဖြင့် စာတွေ့ (၂) လနှင့် လက်တွေ့ (၁) လ သင်ယူရမည်ဖြစ်ပြီး ဆေးဝါးကျွမ်းကျင်အကူသင်တန်းသားများအနေဖြင့် စာတွေ့လက်တွေ့စုစုပေါင်း (၃) လ သင်ယူရမည်ဖြစ်သည်။



မန်းရေနံမြေဒေသခံလူငယ်များအတွက် အစိုးရနှင့် အရပ်ဘက် သက်မွေးပညာသင်တန်းကျောင်းများတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုများဖြင့် ပံ့ပိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုပံ့ပိုးလျက်ရှိသည့် မန်းရေနံမြေဒေသခံလူငယ် စုစုပေါင်း (၃၂) ဦးရှိပြီဖြစ်သည်။ ■







# MPRL E&P ကုမ္ပဏီများအုပ်စု၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတင်းလွှာများနှင့် အစီရင်ခံစာများဖြင့် ပြန်ကြားဆက်သွယ်လျက်ရှိ

MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်လျက်ရှိသည့် သတ်မှတ်ဘဏ္ဍာရေးနှစ်နှင့် သုံးလပတ်ကာလအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ သီးသန့် စုစည်းဖော်ပြထားသည့် “တို့မန်းမြေ” သတင်းလွှာ၊ အမှတ် (၁၄) ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ထုတ်ဝေခဲ့သည်။

တို့မန်းမြေသတင်းလွှာ အမှတ် (၁၄) တွင် ၂၀၂၄ ခုနှစ်၊ “အမြင်ကြည်လင် ပြုံးပျော်ရွှင်” မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ တတိယအဆင့်အဖြစ် အသက် (၅၀) နှစ်အထက်ဒေသခံများအတွက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ MPRL E&P (CSR အစီအစဉ်) ဖြင့် ဆေးဝါးကျွမ်းကျင်အကူနှင့် အကူသူနာပြုသင်တန်းတက်ရောက်ခွင့် ပညာသင်ဆုချီးမြှင့်ခြင်း၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံကျောင်းသားလူငယ်များအတွက် ဖွင့်လှစ်လျက်ရှိသည့် အွန်လိုင်းအင်္ဂလိပ်စာသင်ကြားရေးအစီအစဉ်၏ တိုးတက်မှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် အတွေးအမြင် ဆောင်းပါးတို့ကို ကဏ္ဍအလိုက်ဖော်ပြထားသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း အင်္ဂလိပ်ဘာသာဖြင့်ရေးသားတင်ဆက်သည့် Insight! သတင်းလွှာ အမှတ်စဉ် (၄၀) တွင် ၂၀၂၄ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်း ကုမ္ပဏီများအုပ်စုအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာဆောင်ပါးများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းဆောင်းပါးများ၊ လူမှုတာဝန်သိ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရွက်လှေအားကစားဆိုင်ရာသတင်းဓာတ်ပုံများ၊ အခြား စိတ်ဝင်စားဖွယ် သတင်းဆောင်းပါး၊ အင်တာဗျူးနှင့် သတင်းဓာတ်ပုံများ ဖော်ပြပါရှိသည်။




တို့မန်းမြေ သတင်းလွှာ အမှတ် (၁၄) ထုတ်ဝေဖြန့်ချိခြင်း




*Insight!* တို့မန်းမြေ သတင်းလွှာ အမှတ် (၄၀) ထုတ်ဝေဖြန့်ချိခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမ ခြောက်လပတ်အစီရင်ခံစာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရှိ တာဝန်ရှိသူများထံသို့ လည်းကောင်း၊ ဒုတိယသုံးလပတ်အတွင်း CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အစီရင်ခံစာကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့ခဲ့သည်။ ထို့ပြင် အခြားထုတ်ဝေပြီး သတင်းလွှာများကို MPRL E&P ၏ ဝက်ဆိုဒ် စာမျက်နှာ https://mprlexp.com တွင် အတူတင်ပြအစီရင်ခံခဲ့ပြီး ဖြစ်သည်။ ■




၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ CSR လုပ်ငန်း
ဆောင်ရွက်ချက်ဆိုင်ရာ ပထမခြောက်လပတ်အစီရင်ခံစာ



၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ CSR လုပ်ငန်း
ဆောင်ရွက်ချက်ဆိုင်ရာ ဒုတိယသုံးလပတ်အစီရင်ခံစာ







ထုတ်ဝေပြီး စာစောင်များနှင့် အစီရင်ခံစာများကို သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ဖြန့်ချိခြင်း

# လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ထိတွေ့ဆက်ဆံခြင်း




၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များဆွေးနွေးတင်ပြနိုင်ရန် ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။







အလားတူ အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံ၍ စာသင်ကျောင်းများတွင် MPRL E&P (CSR အစီအစဉ်) ဖြင့်တပ်ဆင်ထားသည့် ရေသန့်စက်များပြုပြင်ထိန်းသိမ်းမှုနှင့် ရေအရည်အသွေးစစ်ဆေးမှုရလဒ်များကို အကြောင်းပြန်ကြားခဲ့သည်။

ထို့ပြင် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ နောက်ဆက်တွဲကုသရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် မင်းဘူးဆေးရုံရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန၏ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိအောင်နှင့် သွားရောက်တွေ့ဆုံ၍ မျက်စိကုသရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

MPRL E&P ၏ သုံးလတစ်ကြိမ်ထုတ်ဝေလျက်ရှိသည့် စာစောင်များနှင့် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အစီရင်ခံစာများကို မန်းရေနံမြေဒေသတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ဒေသခံများထံ ပုံမှန်ပေးပို့အစီရင်ခံလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်းထုတ်ဝေခဲ့သည့် စာစောင်များနှင့် အစီရင်ခံစာများကို အချိန်နှင့်တပြေးညီ ပေးပို့တင်ပြခဲ့ပြီးဖြစ်သည်။

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာအလိုက်အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် စေတနာ့ဝန်ထမ်းများနှင့် လက်တွဲပူးပေါင်းအကောင်အထည်ဖော်မည့် CSR လုပ်ငန်းအဖွဲ့ဝင်သစ်များနှင့် တွေ့ဆုံမိတ်ဆက်သည့်အစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့က အောက်ကျောင်းကျေးရွာဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။ အဆိုပါ တွေ့ဆုံမိတ်ဆက်သည့်အစီအစဉ်သို့ မန်းရေနံမြေဒေသခံ (၄၁) ဦး တက်ရောက်ခဲ့သည်။ ■









# မန်းရေနံမြေအခြေခံပညာကျောင်းများအတွက် ကျောင်းသုံးပရိဘောဂများ MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုး





MPRL E&P သည် ဒေသတွင်းအခြေခံပညာကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့် စာကြည့်တိုက်များတွင် လိုအပ်သည့် ကျောင်းသုံးနှင့် ရုံးသုံးပရိဘောဂများ တိုးတက်ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျောင်းသုံးပရိဘောဂများဖြည့်တင်းနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုပြင် မကြီးချောင်း၊ ချင်တောင်၊ ကျွဲချ၊ လက်ပံတောနှင့် လက်ပံတပင်ကျေးရွာတို့ရှိ စာသင်ကျောင်း (၄) ကျောင်းအတွက် စုစုပေါင်း ကျပ် ၈,၄၇၅,၅၀၀/ (ကျပ်ရှစ်ဆယ့်လေးသိန်းခုနစ်သောင်းငါးထောင့်ငါးရာ) တန်ဖိုးရှိ စုစုပေါင်း ကျောင်းသုံး သံဗီဒို (၆) လုံး၊ စာအုပ်စင် (၂) ခု၊ Whiteboard (၃) ခု၊ လွယ်အိတ်စင် (၂) ခုနှင့် ဟောပြောစင် (၁) ခု တို့ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း သက်ဆိုင်ရာကျောင်းများ၏ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ပံ့ပိုးခဲ့သည်။ ■







**MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့သည့် ကျောင်းသုံးပရိဘောဂများ**

| အခြေခံပညာကျောင်းများ | ပံ့ပိုးလှူဒါန်းခဲ့သည့် ကျောင်းသုံးပရိဘောဂအမျိုးအစား |
|---|---|
| မကြီးချောင်းကျေးရွာ | • ကျောင်းသုံးဘီဒို (၂) လုံး<br>• Whiteboard (၃) ခု |
| ချင်တောင်-ကျွဲချကျေးရွာ | • ကျောင်းသုံးဘီဒို (၂) လုံး<br>• စာအုပ်စဉ် (၂) ခု |
| လက်ပံတောကျေးရွာ | • ကျောင်းသုံးဘီဒို (၂) လုံး |
| လက်ပံတပင်ကျေးရွာ | • သူငယ်တန်း လွယ်အိတ်စဉ် (၂) ခု<br>• ဟောပြောစဉ် (၁) ခု |

ကျောဖုံးမှ အဆက် ➤



ဒေါ်နှင်းယုခိုင်
မယ်ဘေ့ကုန်းကျေးရွာ

ကျွန်မက မယ်ဘေ့ကုန်းကျေးရွာရဲ့ စေတနာ့ဝန်ထမ်းအနေနဲ့ ဒီ ၂၀၂၄ ခုနှစ်၊ ဇွန်လက စပြီးလုပ်ပါတယ်။ မိသားစုဝင်အားလုံး ကျွန်မအမေ အပါအဝင် (၅) ယောက်ရှိပါတယ်။ အခုကျွန်မက အသက် (၄၁) နှစ်ပါ။ သမီးကြီးက Grade-11 နဲ့ သားက Grade-7 ကျောင်းသားတွေပါ။ ကျွန်မက မယ်ဘေ့ကုန်းကျေးရွာဇာတိဖြစ်ပြီး အမျိုးသားကတော့ မြင့်ကုမ္ပဏီ (Myint & Associates Co., Ltd.) က ဝန်ထမ်းပါ။ ကျွန်မအနေနဲ့ အရင်ကတည်းကလည်း ရပ်ရေးရွာရေးမှာ ဝါသနာအလျောက် ပါဝင်ဆောင်ရွက်တာမျိုးရှိပါတယ်။ အခုဆိုရင် အမှိုက်သိမ်းဝန်ဆောင်မှုလုပ်တဲ့ လုပ်ငန်းတွေမှာစပြီး ထဲထဲဝင်ဝင်လုပ်နေပါပြီ။ မျိုးစေ့ဘဏ်ကနေ မျိုးစေ့ချေးချင်တဲ့ တောင်သူသစ်တွေလည်း လာပြောထားတာ ရှိပါတယ်။

ကျွန်မတို့က ကိုယ့်ရပ်ကိုယ့်ရွာအတွက် ကုမ္ပဏီကပံ့ပိုးတဲ့ စီမံကိန်းတွေကို အကောင်အထည်ပေါ်အောင် ပူးပေါင်းပါဝင်လုပ်အားပေးကြတဲ့သဘောပါ။ အခုလည်း မျက်စိကုသပေးဖို့ အစီအစဉ်ရှိနေတော့ ရွာထဲက မျက်စိကုသချင်တဲ့သူတွေ စာရင်းကောက်တာ၊ သက်ဆိုင်ရာ CSR ဝန်ထမ်းတွေဆီကို အကြောင်းပြန်ပေးတာ၊ နောက် ဆေးဝါးနဲ့သူနာပြုအကူသင်တန်းတက်ချင်တဲ့ ကလေးတွေရှိရင်လည်း ရွာထဲမှာ ကြေညာပေးတာ၊ ရှင်းပြတာလေးတွေ လုပ်ပေးနေပါတယ်။ ပေါင်းကူးဆက်သွယ်ပေးတဲ့အလုပ်မို့ ကျွန်မအနေနဲ့တော့ ရပ်ရွာအတွက်မို့ တတ်နိုင်သမျှ ကိုယ်ပူးပေါင်းပါဝင်လို့ရမယ့် ကိစ္စတွေ၊ လုပ်ငန်းတွေမှာ ပံ့ပိုးပေးမယ်လို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ ■



# ရပ်ရွာအကျိုး သယ်ပိုးထမ်းဆောင်

## မန်းဒေသအတွက် စေတနာ့ဂုဏ်ရောင်

**မန်းရေနံမြေ ထိစပ်ကျေးရွာများ၏ စေတနာ့ဝန်ထမ်းများနှင့်မိတ်ဆက်ခြင်း**



**ဦးအောင်ကို**
ပေါက်ကုန်းကျေးရွာ

ကျွန်တော်က အသက် (၄၁) နှစ်ရှိပါပြီ။ ကလေးနှစ်ယောက်နဲ့ မိသားစုဝင်အားလုံး (၄) ဦးရှိပါတယ်။ ကျွန်တော်က ရိုးမဘဏ်မှာဘဏ်လုံခြုံရေးအနေနဲ့ လက်ရှိလုပ်ကိုင်နေပြီး မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးကတော့ အိမ်မှာ တံမြက်စည်း အကြမ်း၊ အချော လုပ်ပါတယ်။ သမီးကြီးက မကွေးသမဦးစီး (သမဝါယမဦးစီးဌာန) ကဖွင့်တဲ့ စာရင်းကိုင်သင်တန်း ဒုတိယနှစ်တက်နေပြီး သားကတော့ (၃) နှစ်ပဲ ရှိပါသေးတယ်။ ကျွန်တော့်ရွာမှာ စေတနာ့ဝန်ထမ်းလုပ်ဖို့ လိုအပ်ချက်ရှိနေတာရယ်၊ နောက်ပြီးကျွန်တော်ကိုယ်တိုင်လည်း ရပ်ရွာရဲ့ ဘာသာရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စိတ်ဝင်စားတာကြောင့် စေတနာ့ဝန်ထမ်းအနေနဲ့ လုပ်ဖြစ်သွားတာပါ။ အခုဆို MPRL E&P (CSR အစီအစဉ်)ရဲ့ စေတနာ့ဝန်ထမ်းအနေနဲ့ လက်တွဲလုပ်လာတာ (၂) နှစ်ကျော်လာပါပြီ။ ကျွန်တော်တို့ ပေါက်ကုန်းက ဒီဒေသမှာတော့ ရွာငယ်လေးပါပဲ။ အိမ်ခြေ (၁၀၀) လောက်မှာ လူဦးရေ (၄၅၀) လောက်ပဲရှိပါတယ်။ ပေါက်ကုန်းရွာက ဒီဒေသမှာ ဝါးလက်မှုလုပ်ငန်းလေးတွေ လုပ်ကြတဲ့ရွာပါ။ ရွာမှာက အရင်ကတည်းက မိရိုးဖလာ တောင်သူသုံး ဝါးလက်မှုပစ္စည်းတွေထုတ်လုပ်ရောင်းချကြပါတယ်။ MPRL E&P ရဲ့ (CSR အစီအစဉ်) က ဝါးလက်မှုပစ္စည်း ထုတ်လုပ်တာနဲ့ ပတ်သက်ပြီး သင်တန်းတွေလည်း ပေးဖူးပါတယ်။ ဒါပေမယ့် အများစုက မိရိုးဖလာတောင်သူသုံးပစ္စည်းတွေပဲ အထုတ်များပါတယ်။ တခြားရွာတွေက လိုတာတွေကို တင်ပြပြီး CSR စီမံကိန်းနဲ့ အကောင်အထည်ဖော်ကြ၊ ရကြတော့ ကိုယ့်ရပ်ရွာကိုလည်းရစေချင်ပါတယ်။ MPRL E&P (CSR) က ဝန်ထမ်းတွေလည်း ရပ်ထဲရွာထဲမှာ လုပ်ကိုင်ပေးနေတာတွေကို ကျွန်တော်တို့လည်း သိနေပါတယ်။ သူတို့လုပ်ကိုင်တာလည်း စေတနာပါပါတယ်။ ဒါကြောင့်လည်း ကိုယ့်ရွာအတွက် လိုအပ်တာကိုမတင်ပြနိုင်ရင် တခြားရွာတွေတိုးတက်ပြီး ကိုယ့်ရွာက မတိုးတက်ဘဲကျန်ခဲ့မှာစိုးလို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မိသားစုတာဝန်တစ်ဖက်နဲ့ စေတနာ့ဝန်ထမ်းအလုပ်ကို ကြိုးစားလုပ်နေပြီး ထိထိရောက်ရောက်လုပ်နိုင်မယ့် လူငယ်တွေကိုလည်း ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော်တိုက်တွန်းချင်ပါတယ်။



**ဒေါ်နှင်းယုအောင်**
မန်းကျိုးကျေးရွာ

ကျွန်မက အသက် (၄၃) နှစ်ရှိပါပြီ။ လူလွတ်လည်းဖြစ်တော့ ရပ်ရေးရွာရေးမှာ ရပ်ရွာနဲ့ အုပ်ချုပ်ရေးမှူးတို့က တာဝန်ပေးရင် ပေးတဲ့အတိုင်း အမြဲပါဝင်ဆောင်ရွက်ဖြစ်ပါတယ်။ ပေးတဲ့တာဝန်ကို ပူးပေါင်းလုပ်ကိုင်ရတာလည်း ဝါသနာလည်းပါပါတယ်။ စေတနာ့ဝန်ထမ်းအနေနဲ့ မလုပ်ခင်ကတည်းက MPRL E&P (CSR အစီအစဉ်) နဲ့ ကိုယ့်ရွာအတွက် လိုတာလုပ်ဖို့ အုပ်ချုပ်ရေးမှူးကပြောရင် ဝိုင်းပြီးပါဝင်လုပ်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း MPRL E&P (CSR အစီအစဉ်) က မန်းကျိုးအတွက် စေတနာ့ဝန်ထမ်းလိုအပ်တဲ့အချိန်မှာ ကျွန်မ လုပ်ဖြစ်ခဲ့တာပါ။ ကုမ္ပဏီအနေနဲ့ ရပ်ရွာအတွက် ဘာတွေဘယ်လိုပံ့ပိုးတယ်၊ လုပ်ကိုင်ပေးတယ်ဆိုတာလည်း သိနေတော့ အထူးလည်းပြောစရာ ရှိမနေပါဘူး။ အခုဆို စေတနာ့ဝန်ထမ်းလုပ်လာတာ (၁) နှစ်ကျော် ရှိပါပြီ။ ဒီကြားထဲမှာ လုပ်ကိုင်ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေအများကြီးရှိပါတယ်။ စေတနာ့ဝန်ထမ်းအနေနဲ့ ဒီနေ့ဒီရက်တော့ ဘယ်မှာဘာတွေလုပ်ရမယ်ဆိုရင် ကျွန်မတို့က ကိုယ့်ရှိတဲ့အိမ်အလုပ်၊ တောင်သူအလုပ်တွေကို အရင်ပြီးနှင့်အောင် ကြိုလုပ်ထား၊ ပြင်ဆင်ထားရတာမျိုး ရှိပါတယ်။ မိသားစုစီးပွားရေးနဲ့ စေတနာ့ဝန်ထမ်းအလုပ်ကြားမှာ ညှိနှိုင်းချိန်ဆပြီး အလုပ်ကိုခွဲပြီးလုပ်ရတဲ့ အပိုင်းတော့ရှိပါတယ်။ စေတနာ့ဝန်ထမ်းအနေနဲ့လုပ်ခဲ့တဲ့ တောက်လျှောက်တော့ တောင်သူပညာပေးဆွေးနွေးပွဲတွေ၊ နောက် အွန်လိုင်းအင်္ဂလိပ်စာသင်တန်းတွေမျိုး စတဲ့ CSR လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ အခုဆို မျက်စိစမ်းသပ်တဲ့အစီအစဉ်တွေရှိတယ်။ နောက်တစ်ခါ ဆေးဝါးနဲ့ သူနာပြုအကူသင်တန်းအတွက် လျှောက်လွှာတင်ထားတဲ့ ကလေးတွေ သွားဖြေရမယ့်အစီအစဉ်တွေရှိပါတယ်။ ဒီလုပ်ငန်းက ကိုယ့်ရွာဖွံ့ဖြိုးတိုးတက်ဖို့၊ ပိုပြီး အဆင်ပြေဖို့ လုပ်ပေးတာမျိုးမို့ စေတနာဝါသနာအရလည်း ကိုက်ညီနေပါတယ်။

စာမျက်နှာ - ၁၉ ➤